WWW.DHAMMARANSI.COM

# မိုးကုတ်ဝိပဿနာ

## ၁၀-ရက်-ကျင့်စဉ်-ဟောစဉ်

# တရားတော်ကြီး

700

WWW.DHAMMARANSI.COM

## ကျေးဇူးရှင်

## မိုးညှင်းဆရာတော် ဘုရားကြီး၏

ဘဝဖြစ်ပုံ ဇာတ်လမ်းအစုံကို အစမှအဆုံး တလုံးမကျန် သိလိုသော သူတို့အတွက် အားတက်ဖွယ်ရာ ပါဠိဂါထာ ကဗျာစုံနှင့် သာရအမြုတေ မမှု ပဒေတို့ဖြင့် ဝေဝေဆာဆာ ပဒေသာကဲ့သို့ အသေအချာ ရေးပြထားသော ကျမ်းထူး ကျမ်းမြတ်။ ဘုန်းရှင် ကံရှင် ပါရမီရှင် သာကီဝင် အာဇာနီ အရှင်မြတ်ကြီး၏ ပါရမီဖြည့်ပုံ နည်းလမ်း အစုံတို့ကို စည်းကမ်းတကျ နည်းလမ်းရအောင် ထီးနန်းမှ ထွက်လာသော ထီးဖြူကြီးကဲ့သို့ နည်းယူရအောင် ထွက်ပေါ်လာသော ကျမ်းထူး ကျမ်းမြတ်။ ဤကဲ့သို့ ကျင့်နိုင်သော ပုဂ္ဂိုလ်မျိုး ဤကဲ့သို့ ကြီးကျယ်သော သီလရှင် သမာဓိရှင် ပညာရှင် ဘုန်းရှင် တန်ခိုးရှင်မျိုး နောင်-ဘယ်တော့များ ပေါ်ပေါက်လာပမလဲဟု မြှော်လင့်တောင့်တခြင်း ဖြစ်လာသော ကျမ်းထူး ကျမ်းမြတ်။ ကျောင်းတိုင်း ရွာတိုင်း အိမ်တိုင်း စာပေ လိုက်စားသူတိုင်း သမိုင်း မှတ်တိုင်ကြီးကဲ့သို့ ထားသင့် ထားထိုက်သော ကျမ်းထူးကျမ်းမြတ် ဖြစ်သော....

# မိုးညှင်း

# မဟာထေရာပဒါန်

ပူဇော်ကြ ကြည့်ရှုကြ ကြည်ညိုကြ ဝေဘန်ကြ ဓမ္မဒါန်ပြုကြရန်။

**အကျိုးတော်ဆောင်**

မင်္ဂလာ ဂတိဝိသုဒ္ဓိအသင်းကြီး

အမှတ် ၇၉၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

ကျေးဇူးတော်ရှင်
မိုးညှင်းဆရာတော်ဘုရားကြီး
၏

# မိုးညှင်း
# ဝိပဿနာအလုပ်ပေး
# ဆယ်ရက်ကျင့်စဉ် ဟောစဉ်
# တရားတော်ကြီး

ဝိပဿနာအလုပ် အားထုတ်နည်းအစစ်အမှန်ကို တကယ်တန်း
လိုလားသူတို့အတွက် အားတက်ဖွယ်ရာ

**နေ့ဘက်ဆုံးကျမ်းစာ**

ပထမအကြိမ်ရိုက်နှိပ်ခြင်း အုပ်ရေ (၄၀၀၀)
ဒီမိုကရေစီပုံနှိပ်တိုက်,
၈၆-ရွှေတိဂုံဘုရားလမ်း၊
ရန်ကုန်မြို့။

၁၃၃၄-ခု၊ ဒုတိယဝါဆိုလ　　　　၁၉၇၂-ခု၊ ဇူလိုင်လ

WWW.DHAMMARANSI.COM

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၅၆၁၇)

ထုတ်ဝေသူ မှတ်ပုံတင် ကင်းလွတ်ခွင့် အမှတ်(၀၁၇၆၀)

ထုတ်ဝေခွင့်ရရှိသူ....

နေရင်း ဦးကောဝိဒဆရာတော်
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဓမ္မကထိကချုပ်
စိန့်ရောင်ခြည်ကျောင်းတိုက်၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း၊
၈၆၊ ဒီမိုကရေစီပုံနှိပ်တိုက်တွင်
(မြဲ ၀၁၁၂၀) မောင်မောင်အုန်းက ပုံနှိပ်သည်။

WWW.DHAMMARANSI.COM



ကျေးဇူးရှင်
မိုးညှင်းဆရာတော်ဘုရားကြီးပုံတော်

WWW.DHAMMARANSI.COM

# အကြောင်းအရာ နိဒါနကထာ

မုံရွာမြို့နယ်အတွင်း မိုးညှင်းတောရ ကျောင်းတိုက်ကြီး၌ ဣရိယာပထ လေးလီ မျှညီရှင်ပြုံး သီတင်း သုံးတော်မူသော ကျေးဇူးတော်ရှင် မိုးညှင်း ဆရာတော်ဘုရားကြီးသည် အာယု တွက်စစ် (၆၄) နှစ်တွင် အသက်နှင့်ကိုယ် နှစ်ပါးကုန်သော ဥဘယက္ခယ ကမ္မအစွမ်း ပင့်ခါထမ်းသောကြောင့် ထက်နန်းဗြဟ္မာ မြင့်မြတ်ရာသို့ ကောင်းစွာ ကြွတော်မူခဲ့လေပြီ ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မိုးညှင်း ဆရာတော် ဘုရားကြီးသည် အသက်ခန္ဓာ တည်ရှိတော်မူသောအချိန်တွင်၊ ကမ္ဘာ့စံနမူနာပြ သာသနာ့ ကြက်သရေဆောင် သမ္ဗုဒ္ဓေ ဘုရားကြီးကို တည်တော်မူခြင်း၊ ဝိပဿနာတရားကို မိမိကိုယ်တိုင် ဟောပြောခြင်း၊ တပည့်များအား ဟောကြားပြသစေခြင်း၊ နောင်လာနောက် သား ဝေနေယျများအတွက် ဝိပဿနာတရား ကျင့်နည်းများတို့ ကို မကွယ်မပျောက် တကယ်ပေါက်ရောက် စေလိုသော မဟာ ကုသလ ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ် မြတ်သောစိတ်ဖြင့် ကျင့်စဉ်ကျမ်းကြီးများကို တခမ်းတနား ဆန်းဆန်းပြားပြား အစွမ်းအားဖြင့် ရေးသားတော်မူခဲ့သည်မှာ

၁။ ။ဝိသုဒ္ဓိ ကျင့်စဉ်ကျမ်းကြီး။

၂။ ။၁၅ ရက် အလုပ်ပေး ဝိပဿနာ ကျင့်စဉ်ကျမ်းကြီး။

၃။ ။ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ်ကျမ်းကြီး။

WWW.DHAMMARANSI.COM



၄။ ။ပဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်းကြီး။

စသည်တို့ဖြင့် ကျင့်စဉ်ကျမ်းပေါင်း (၄၀)ကျော်တို့ ဖြစ်ပေသတည်း။

ထိုသို့ ရေးသားတော်မူခဲ့သော ကျင့်စဉ်ကျမ်းပေါင်း(၄၀) ကျော်တို့တွင် နောက်ဆုံးရေးသားတော်မူခဲ့သော ကျမ်းကလေး သည်ကား

**ဆယ်ရက်ဟောစဉ် ကျင့်စဉ် ဝိပဿနာ အလုပ်ပေး တရားတော်။** စာအုပ်ကလေးပင် ဖြစ်ပေသတည်း။

ထို ဆယ်ရက် ကျင့်စဉ် ဟောစဉ် ကျမ်းကလေးသည်ကား မိုးညှင်းဝိပဿနာကျမ်းကြီးများမှ အဆီကိုညှစ်၍ပြသော ကျမ်းကလေးဖြစ်ပေသည်။ ခေတ္တည၊ ကာလည၊ ပရိသည၊ ဓမ္မည၊ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မိုးညှင်း ဆရာတော်ဘုရားကြီး၏ ခေတ်နှင့်လျော်ညီအောင် အကျဉ်းချုံး၍ အရှင်းဆုံး နည်းလမ်းတို့ဖြင့် စည်းကမ်းတကျ ရေးပြတော်မူခဲ့သောအတိုင်း ဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်အခါမှစ၍ ယနေ့ကျ အောင်ပင် မိုးညှင်းတောရကျောင်းတိုက်ကြီးတွင် လာလာသမျှ ဝေနေယျတို့အား မိုးညှင်းဓမ္မကထိကအမော် ကျော်ထက် ကျော်တို့သည် ဟောဖော်ပြသလျှက် ရှိကြပေကုန်သည်။

ထိုမိုးညှင်း ဝိပဿနာ အလုပ်ပေး (၁၀)ရက်ကျင့်စဉ် ဟော စဉ်ကျမ်းကလေးကို ၁၉၆၇ခု စက်တင်ဘာလ(၁၈)ရက် နေ့စွဲ ဖြင့် ဗဟိုပုံနှိပ်သူများနှင့် မှတ်ပုံတင်အဖွဲ့ရုံးမှ စာအမှတ် ။ဘ။မ။ (၁၉၆၆)၆၇။ ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေ ခွင့်ပြု

WWW.DHAMMARANSI.COM



လက်မှတ် အမှတ်(၁၉၂၀)တို့ဖြင့် ပုံနှိပ်ထုတ်ဝေရန် အခွင့်ရပြီး ဖြစ်သော်လည်း တာဝန်ယူဆောင်ရွက်သော ပုံနှိပ်သူ ထုတ်ဝေသူတို့၏ ချွတ်ယွင်း ပျက်ကွက်မှုတို့ကြောင့် (၂၀-၉-၇၁)နေ့အထိ (၄)နှစ်ကျော် လာခဲ့ရခြင်း ဖြစ်ပေသည်။ သို့ပါ၍ အသစ်ထပ်မံခါ စာမူအသစ် ရုံးတော်သို့ တင်သွင်းပြီးမှ ထပ်မံ ပုံနှိပ်ရခြင်း ဖြစ်ပေသတည်း။

(ပုံ) နေရင်း ဦးကောဝိဒ။

WWW.DHAMMARANSI.COM



ကျေးဇူးရှင်

မိုးညှင်း ဆရာတော် ဘုရားကြီး၏

**မိုးညှင်း ဝိပဿနာ အလုပ်ပေး (၁၀) ရက်**

**တရားတော်ကြီး**

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# ပထမရက် အလုပ်ပေး ကျင့်စဉ် ဟောစဉ်

**၁။ ဘာဝနာနှင့် ပုဂ္ဂိုလ် တရား ၃ ပါး တို့ကို ပြချက်။**

အမေး။ ။ပွားများအားထုတ်အပ်သော ဘာဝနာ ဘယ်နှစ်ပါး ရှိပါသနည်း။

အဖြေ။ ။သမထဘာဝနာတပါး ဝိပဿနာဘာဝနာတပါး ပေါင်း နှစ်ပါးရှိပါသည်။

အမေး။ ။ဤနှစ်ပါးတို့ကို အဘယ်ပုဂ္ဂိုလ်များ အဘယ်တရားကို အားထုတ်ရပါသနည်း။

အဖြေ။ ။ဈာန်အဘိညာဉ် သမထအကျိုးကို အသုံးပြုလိုသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ စသည်တို့ပင် ကသိုဏ်းစသော ပညတ်တရားကိုသာ အားထုတ်ကြရသည်။ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးကို အလိုရှိသော ဗြဟ္မာကြီး စသည်တို့ပင် ပရမတ်စစ် တရားတို့ကိုသာ ရှုကြည့်ပွားများ အားထုတ်ကြရသည်ဟု သိကြပါလေ။

WWW.DHAMMARANSI.COM



အမေး။ ။သမထယာနိက ပုဂ္ဂိုလ်တို့ ဈာနသမာဓိကိုရကြပြီး၊ ထိုဈာန်အင်္ဂါ ဝါ၊ ဘောက်ပြန်ခြင်း သဘောမရှိကုန်သော နာမ်တရားတို့က ဆက်လက်ကြ၍ မှီရာရုပ်တရားတို့ကိုပါ ရှုကြည့်၍ ဝိပဿနာ အလုပ်ကို အားထုတ်ကြရသည် မဟုတ်ပါလော။

အဖြေ။ ။ဤသမထ ယာနိက ပုဂ္ဂိုလ်တို့သည် ကသိုဏ်းပညတ်တို့ကို အားထုတ်နေဆဲမှာ ခတ်ပရမတ်တရားတွေကို အလိုလို ထင်မြင် လာ ကြ ပြီး ဝိပဿနာ အလုပ်ဘက်သို့ တက်တက်သွားတာမျိုး မဟုတ်ကုန်။ ထိုသမထအာရုံကြောင့် ရသော ဈာန်တရားတည်းဟူသော နာမ်ပရမတ် တရားအစစ်များနှင့် ဆက်လက်၍ အားထုတ် ရသောကြောင့် ဝိပဿနာအားထုတ်လို့မှု ပရမတ်တရား အစစ်များကိုသာ အားထုတ်ကြရသည်ဟု ရှေ့က ပြဆိုအပ်ပေသတည်း။

## ၂။ ပရမတ်တို့ရှိရာနှင့် သိကြောင်း ၄ ပါး ပြချက်။

အမေး။ ။ထို ပရမတ်တရားတို့ ဘယ်မှာ ရှိကြပါသနည်း။

အဖြေ။ ။မိမိအတွင်း သူတပါးအတွင်း ထိုထို လောကခတ်ကြီးအတွင်းမှာ ရှိပါသည်။

အမေး။ ။ရှိသော ပရမတ် တရားကို အဘယ်နည်းနှင့် သိရမည်နည်း။

အဖြေ။ ။ဒုက္ခသစ္စံ သဝန ဘာဝနာ ပဋိဝေဓ-ပစ္စဝေက္ခဏာ ဝသေန စတုဗ္ဗိဓံ ဟောတိ။
(ဓမ္မသင်္ဂဏီအဋ္ဌကထာ)

WWW.DHAMMARANSI.COM



ဒုက္ခသစ္စ၊ ဆင်းရဲမှန်ပြား၊ ရုပ်နာမ်တရား တို့သည်။
သဝန ဘာဝနာ-ပဋိဝေဓ-ပစ္စဝေက္ခဏာ-ဝသေန။ နာသိ ပွားသိ ထိုးထွင်းသိ ဆင်ခြင်သိ၏အစွမ်းဖြင့်။ စတုဗ္ဗိဓံ၊ သိနည်းအပြား ၄ ပါးရှိသည်။ ဟောတိ၊ ဖြစ်၏။
နာပွားထိုးထွင်း၊ ဆင်ခြင်ခြင်း၊ လေးသင်းနာမ်ရုပ်သိ။ ။ဆောင်ပုဒ်။ ။
ဤပါဠိအနက်နှင့် ဆောင်ပုဒ်တို့ဖြင့် သိရ၏။

အမေး။ ။ဘာကို နာ၍ သိရမည်နည်း။

အဖြေ။ ။ရူပိနော ဓမ္မာ အရူပိနော ဓမ္မာ။ ။ဟူသော ပရမတ် တရားများကို နာ၍ သိရ၏။
ရူပိနော၊ ရုပ်ကလာပ်သဘောနှင့်ဖြစ်ကုန်သော။ ဝါ၊ ဖောက်ပြန်ခြင်းသဘောရှိကုန်သော။ ဓမ္မာ၊ သတ္တဇီဝ မဟုတ်ကြသည့် ရုပ်သဘောတရား တို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။
အရူပိနော။ ရုပ်ကလာပ်သဘောနှင့် မဖြစ်ကုန်သော ဒွါရအာရုံ နှင်ပါးစုံကြောင့် ဖြစ်ကုန်သော။ ဓမ္မာ၊ သတ္တ ဇီဝ မဟုတ်ကြသည့် နာမ်သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ။
ဤကား နာ သိ တည်း။

## ၃။ ပွားသိနှင့် သိရပုံ

ရုပ်ကလာပ် သဘောနှင့် ဖြစ်ကုန်သောဟုဆိုသော နာသိကို ပွားသိနှင့် အားထုတ်ရမှု အသေးဆုံးဖြစ်သည့် မြေကလာပ်မှုန့်ကို လက်နှင့်ကိုင်ပြီးလျှင် ထိုကလာပ်မှုန့်အတွင်းသို့ ဉာဏ်သွင်း

WWW.DHAMMARANSI.COM



၍ သွင်း၍ ဤကလာပ်မှုန့်၌ "မာမှုသဘောသည် ခက်မာပထဝီတည်း ခက်မာပထဝီတည်း"ဟု အကြိမ်ကြိမ်ရှု။

ဤမြေကလာပ်မှုန့် ကွဲမသွားအောင် ဖွဲ့စေး (စီး)ထားမှုသဘောသည် ဖွဲ့စေးအာပေါတည်း ဖွဲ့စေးအာပေါတည်းဟု အကြိမ်ကြိမ်ရှု။

ဤမြေကလာပ်မှုန့်၌ အေးမှု သဘောသည် သီတ တေဇောတည်း သီတတေဇောတည်းဟု အကြိမ်ကြိမ်ရှု။ ဤမြေကလာပ်မှုန့်၌ ငြိမ်မှုသဘောသည် ထောက်ကန်ဝါယောတည်း ထောက်ကန်ဝါယောတည်းဟုအကြိမ်ကြိမ်ရှု။ ဤကား မဟာဘုတ် အခံခေတ်ကြီး ၄-ပါးတည်း။ ဤခေတ်ကြီး ၄-ပါးကို ထင်မြင်အောင် တခုစီကိုရင်း ခက်မာပထဝီ ဖွဲ့စေးအာပေါ သီတတေဇော ထောက်ကန်ဝါယော တို့အစဉ်အတိုင်း သော်ရင်း အခါခါ ထင်မြင်အောင် ပွားသိနှင့် ရှုပြီးမှ ထိုမှတပါးသော ဤမြေကလာပ်၏အတွင်းမှာ ရှိသည့်ဝဏ္ဏအဆင်းခေတ်၊အနံ့ ဂန္ဓခေတ် အရသာ-ရသခေတ် ခေတ်ဆီ-သြဇာခေတ်တို့ကိုလည်း တခုစီ တခုစီကို အကြိမ်ကြိမ်ရှု။ ဤလေးပါးတို့ကား မဟာဘုတ်ပေါ်၌မှီသော ဥပါဒါရုပ်တို့တည်းဟု တခုစီ တခုစီ ထင်မြင်အောင် ကလာပ်အတွင်းသို့ ဉာဏ်သွင်း၍၊ ဉာဏ်သွင်း၍ ပွားပြီးမှ အစဉ်အတိုင်းကိုလည်း ဉာဏ်ဖြင့်ကြည့်၍ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓရသ သြဇာ ဟု အကြိမ်ကြိမ်ရှု၍ ထင်မြင်လာသောအခါကြမှ၊ ကြွင်းပထဝီ ကလာပ်မှုန့် တခုစီတို့ကိုလည်း ထိုနည်းအတူ ထင်မြင်အောင် ပွားပြီးမှ မြေထုတခုလုံးရှိ မြေကလာပ်မှုန့် တို့ကိုလည်း ဤ ရုပ် ၈-ခု အပေါင်းတို့သာ ရှိကုန်၏ဟု ထင်မြင်အောင် ပွားသိအရနှင့်

WWW.DHAMMARANSI.COM



ရှုကြည့်၍ ထင်မြင်ပါမူ ကြွင်းသော အစိုအခြောက် ဖြစ်သည့် တော-တောင် အသုံးအဆောင် အဆောက် အဦတို့မှာ ရှိကြသော ပထဝီကလာပ်တို့၏ ရုပ် ၈-ခုတို့ကိုလည်း ကြောင်ကြောင်ကြီး ထင်မြင်အောင် ကလာပ်အတွင်း ဉာဏ်သွင်း၍ ဉာဏ်သွင်း၍ သက်မဲ့ဝတ္ထုဌ်ရင်း သက်ရှိ မိမိ သူတပါး ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါတို့၌ရင်းရှုကြည့်ပါလေ။ ဤသို့ ရှုကြည့်ကြ၍ ထင်မြင်ပါမူ ပထဝီကလာပ်တပါး ဉာဏ်ဝါး-ဝ၍ ပေါက်ပြီယူ သိကြပါလေ ဤပထဝီ ကလာပ်တခုကို ထင်မြင်အောင် ရက်များစွာ ဖြစ်စေ ပွားများကြပါလေ။

## ၄။ အာပေါကလာပ်ရှုရပုံ။

နှင်းရေမှုန် တမှုန့် **အ**တွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ ရေကလာပ်မှုန့်၌ နူးညံ့ သဘောသည် နူးညံ့ ပထဝီတည်း နူးညံ့ ပထဝီ တည်းဟု* အကြိမ်ကြိမ်ရှု။ ဤ ရေကလာပ်မှုန့် စီးသွားမှုသဘောသည် စီးယိုအာပေါတည်း စီးယို အာပေါတည်းဟု အကြိမ်ကြိမ်ရှု၊ ဤရေကလာပ် မှုန့်၌ အေးမှုသဘောသည် သီတတေဇောတည်း သီတတေဇောတည်းဟု အကြိမ်ကြိမ်ရှု၊ ဤရေကလာပ်မှုန့်၌ လှုပ်ရှားမှု သဘောသည် လှုပ်ရှား ဝါယောတည်း လှုပ်ရှား ဝါယောတည်းဟု အကြိမ်ကြိမ်ရှု၊ ဤကား မဟာဘုတ် အခံဓာတ်ကြီး ၄-ပါး တည်း။

ဤဓာတ်ကြီး ၄-ပါးကို ထင်မြင်အောင် တခုစီကိုရင်း နူးညံ့ ပထဝီ စီးယိုအာပေါ သီတတေဇော လှုပ်ရှားဝါယောတို့ **အ**စဉ်အတိုင်းကိုသော်ရင်း အခါခါ ထင်မြင်အောင် ပွားသိနှင့် ရှုပြီးမှ ထိုမှတပါးသော ဤအာပေါ ကလာပ်၏ အဆင်း

WWW.DHAMMARANSI.COM



ဝဏ္ဏခေတ် အနံ့-ဂန္ဓခေတ် အရသာ-ရသခေတ် ခေတ်ဆီ ဩဇာခေတ်တို့ကိုလည်း တခုစီ-တခုစီ အကြိမ်ကြိမ်ရှု။ ဤ၄-ပါး တို့ကား မဟာဘုတ်ပေါ်၌မှီသော ဥပါဒါရုပ်တို့တည်းဟု တခုစီ တခုစီ ထင်မြင်အောင် ဤအာပေါ ကလာပ်အတွင်း ဉာဏ်သွင်း ၍ သွင်း၍ ပွားပြီးမှ အစဉ်အတိုင်းကိုလည်း ဉာဏ်ဖြင့် ကြည့်၍ သိ၍ "ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ"ဟု အကြိမ်ကြိမ်ရှုပါ။ ဤသို့ရှု၍ ထင်မြင်လာပြီးသော အခါ ကြွင်းနှင်းအာပေါ ကလာပ်မှုန့် တမှုန့်စီတို့ကိုလည်း ထို နည်းအတူ ထင်မြင်အောင် ပွားပြီးမှ ထိုထို ကန်ရေ တွင်းရေ အင်းရေ အိုင်ရေ ချောင်းရေ မြစ်ရေ ပင်လယ်ရေရှိ ရေထု တခုလုံးရှိ ရေကလာပ်မှုန့်တို့ကိုရင်း အစိုဝတ္ထုဖြစ်ကြကုန်သော မြေ တော တောင် အသုံးအဆောင် အဆောက်အဦတို့နှင့် မိမိ သူတပါး ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာ စသော သတ္တဝါတို့၏ အတွင်းရှိ ရေကလာပ်တို့၌ရင်း၊ ဤရုပ် ဂ-ခုတို့ အပေါင်းသာ ရှိကုန်၏ဟု ထင်မြင်အောင် ပွားသိအရနှင့် ရှု ကြည့်၍ ထင်မြင်ပါမူ "ရုပ်ကလာပ်နှင့် ဖြစ်ကုန်သောဟူသော" ပါဠိတော်စကားအရ လောကကြီးအားလုံး အာပေါကလာပ် မှုန့်တို့ကို ပွားသိနှင့် ထင်မြင်အောင် ရှုကြလေ။ ဤအာပေါ ကလာပ်စုတို့ကိုလည်း အားလုံးကုန် ရုပ် ဂ-ခုစီ ထင်မြင်အောင် ရက်ပေါင်းများစွာ ပွားသိအရ ရှုကြပါလေ။ ၄ကား ဘုရား ဟော လူစသည်တို့၌ အထည် ဒြပ် ဃန ပညတ်တို့ကို ဖြစ်စေ တတ်သော ပထဝီခေတ် ၂၀ ကို အကျဉ်းချုံး၍ ပထဝီကလာပ် တစီး အာပေါခေတ် ၁၂ ပါးကို အကျဉ်းချုံး၍ အာပေါ ကလာပ် တစီးဟု ဤရုပ်ကလာပ် နှစ်မျိုးကိုသာ ပွားများရုံနှင့် အားလုံးကုန်သော ဃနပညတ်ရှိ ရုပ်ကလာပ်တို့ကို ထင်မြင်နိုင်

WWW.DHAMMARANSI.COM



လောက်ပေပြီ။ ထင်မြင်အောင် ပွားကြပါလေ။ ဉာဏ်နည်းမှု တရက်သက်သက်ပွားလေ။

## ၅။ နာမ်တရားတို့ကို ဉာဏ်သိနည်း ၄ ပါးဖြစ်ပုံ။

"နာသိ"က "အရူပိနော ဓမ္မာ" ပုဒ်၏နောက်အနက်က ဒွါရ အာရုံ နှစ်ပါးစုံကြောင့် ဖြစ်ကုန်သော သဘောတရား အရကို ပွားသိနှင့် ရှုရပုံကား။

ဒွါရကို စာစကားနှင့် စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရဟု သိပါ။ ရွာစကားနှင့်မူ ဒွါရကို အပေါက်ဟု သိပြီးလျှင် မိမိတို့၌ရှိသော မျက်စေ့ပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက် ပေါင်း ၆ ဒွါရ ( ပေါက်တို့ကို သိပြီးမှ အာရုံဘက်ကလည်း အဆင်းရူပါရုံ အသံသဒ္ဒါရုံ အနံ့ဂန္ဓာရုံ အရသာရသာရုံ အတွေ့ဖောဋ္ဌဗ္ဗာရုံ သဘောဓမ္မာရုံ ပေါင်း အာရုံ ၆ မျိုး ပေါ်လာသည်တို့ကို အစဉ်အတိုင်း ပွားသိအရနှင့်ရှုကြည့်ကြ၍ သိလာကြပုံကား မျက်စိနှင့် အဆင်းကြောင့် မြင်သိဖြစ်ပုံကို လက်တွေ့နှင့်ကြည့်က မြင်သိ ဖြစ်လာကြသည်ကို သိရှိပြီးမှ နောက် ဒွါရနှင့် အာရုံတို့ ပေါင်းဆုံသော အခါတို့မှာလည်း နားနှင့်အသံကြောင့် ကြားသိဖြစ်ပုံကိုသိ၊ နှာခေါင်းနှင့် အနံ့ကြောင့် နံ့သိဖြစ်ပုံကိုလည်းသိ။ လျှာနှင့် အရသာကြောင့် စားသိဖြစ်ပုံကိုလည်းသိ၊ ကိုယ်နှင့် အတွေ့ကြောင့် တွေ့သိဖြစ်ပုံကိုလည်းသိ၊ မနောနှင့် သဘောကြောင့် ကြံသိဖြစ်ပုံကိုလည်းသိ၊ ပွားသိအရနှင့် သိရှိကြရအောင် အဘန်ဘန် ရှုကြည့်ကြလေ။ ဤကား ၆ ဒွါရနှင့် ၆ အာရုံတို့ကြောင့် ဝိညာဉ် ၆ မျိုးတို့ ပွားသိအရနှင့် ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား ပရမတ်စစ်

WWW.DHAMMARANSI.COM



တရားတွေကို သိလာကြပုံအရတည်း။ ဝိပဿနာအလုပ် ပေးကြသောအခါ ရှေ့ကလာပ်နှစ်မျိုးနှင့် ဤဝိညာဏ် ၆ မျိုးတို့ကိုသာ ထင်မြင်နေကြအောင် ရက်များများ ပွားကြပါလေ ယောဂီမြတ်တွေတို့။

## ၆။ ထိုးထွင်းသိအရနှင့် ဒိဋ္ဌကာခါတို့သိလာကြပုံ။

မြင်သိအရကို ငါမြင်သည်၊ သူမြင်သည် စသည်တို့ဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်နေကြသည်၌ ငါဟုဆိုအပ်သည့် မိမိပုံသဏ္ဌာန် ဃနပညတ် ငါကောင်မ ငါကောင်ထီးတို့သည် ယခုသိရှိသည့် မြင်သိ ပရမတ်စစ် ကေန်မဟုတ်သည်ကား ဤမြင်သိ ကွယ်ပျောက်သည်၌ ငါကောင်မ ငါကောင်ထီးက မြင်သိနောက်သို့ လိုက်ကွယ်ပျောက် မသွားကြသည်ကိုရင်း။ တဘန် မြင်သိကလည်း ငါကောင်မ ငါကောင်ထီး မဖြစ်ကြ၍သာ ငါတည်သလို မတည်ကြတဲ ပျောက်ကွယ်သွားသည်ကိုရင်း။ ထိုးထွင်းသိအရနှင့် ရှုကြည့်ကြပါမူ ငါသည် မြင်သိမဟုတ် မြင်သိကလည်း ငါမဟုတ်ပုံကို အဟုတ် ထင်ထင်ရှားရှားကြီး သိမြင်လာကြရကုန်ရာ၏။ ဝါ၊ သိမြင်လာကြအောင် ထိုးထွင်းသိအရနှင့် ရှုကြည့်ကြပါလေ။

ထိုမှတပါး ငါကြားသည် ငါနံသည် ငါစားသည် ဝါတွေ့သည် ငါကြံသည်ဟု သက္ကာယဒိဋ္ဌိဖြစ်နေကြသည်၌လည်း မြင်သိအတူ တခုက တခု မဟုတ်ကြပုံကို ထိုးထွင်းသိအရနှင့် သိရှိလာကြအောင် ဟောပြောကြရှုကြည့်ကြပါလေယောဂီမြတ်တွေတို့။ ဤကား ၆ ဝိညာဉ်တို့၌ သက္ကာယဒိဋ္ဌိ ၆ မျိုးတို့မှ ကင်းလွတ်ကြအောင် ထိုးထွင်းသိအရနှင့် ရှုကြည့်ကြရပုံတည်း။ ဝါ၊ ရှုကြည့်ကြပါလေ။

WWW.DHAMMARANSI.COM



**ထိုးထွင်းသိမှာ ယုံမှားကင်းပုံကား....**

ဤသိလုံး ပရမတ်စစ် ၆ မျိုးတို့သည် ထာဝရတုရား သိကြား ဗြဟ္မာ စသည်တို့ ဖန်ဆင်းပြုလုပ်၍ သိရှိလာကြရသည့် ဝိညာဉ် ၆ မျိုး မဟုတ်ကုန်၊ ထိုထို ၆, ဒွါရနှင့် ၆-ဝ အာရုံ နှစ်ပါးစုံ အကြောင်းကြောင့်သာ ဖြစ်ပေါ်လာကြရသော ခြောက်ဝိညာဉ်တို့တည်းဟု ထိုးထွင်း သိအရနှင့် အကြောင်းကို သိမ်းဆည်းသိရှိလာရခြင်းသည် ပစ္စယ ပရိဂ္ဂဟ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ အစစ် ဖြစ်လာရပုံတည်း။

## ၇။ ဆင်ခြင်သိအရနှင့် ဝိပဿနာရှုရပုံ။

ရှေ့ပွါးသိ ထိုးထွင်းသိ အရတို့နှင့် သိရှိလာကြရသည်ကို ဆင်ခြင်၍ ဝိပဿနာ ရှုရပုံမှာ ကြည့်ရှု၍ ခရီးသွားသောအခါ ဝိပဿနာပွါးလိုပါမူ ရပ်ဆဲ စသော အခါတို့မှာ မြင်မြင်လာသော မြင်သိလုံးတို့သည် ရှေ့သို့ သွားရန် ခြေလှမ်း တိုင်းတို့မှာ မြင်သိ အသစ်ပြောင်းကြ၏။ ထိုပြောင်းတိုင်း တို့မှာလည်း မြင်သိအဟောင်း ပျက်ပျက် လိုက်နေချက်ကို ဆင်ခြင်သိအရနှင့်ကြည့်၍ မြင်သိ အသစ်ပြောင်း အဟောင်းပျက် အဟောင်း ပျက်ဟု ဝိပဿနာရှု၍ သွားကြ၊ ကြည့်ရှုကြပါလေ။

ထိုမှတပါး ကြားသိ စသည်တို့မှာလည်း ကြားသိ အသစ်ပြောင်း အဟောင်း ပျက်ပျက် ပျက်ပျက်ဟုရှု။ နံသိ အသစ်ပြောင်း အဟောင်းပျက်ပျက် ပျက်ပျက်ဟုရှု။ ။စားသိ အသစ်ပြောင်း အဟောင်းပျက်ပျက် ပျက်ပျက်ဟု ရှု။ ။တွေ့သိ အသစ်ပြောင်း အဟောင်းပျက်ပျက် ပျက်ပျက်ဟု ရှု။ ကြံသိ အသစ်ပြောင်း အဟောင်းပျက်ပျက် ပျက်ပျက်ဟု ရှု။

WWW.DHAMMARANSI.COM



ဤကား နာသိအရက "အရူပိနော ဓမ္မာ" ပါဠိတော်အလာကို (၂)ပွါးသိအရဖြင့် ဒွါရအာရုံ နှစ်ပါးစုံကြောင့် ဝိညာဉ် ၆ မျိုး ဖြစ်လာပုံကို သိပြီးမှ(၃)ထိုးထွင်းသိ အရနှင့် ငါကောင် မငါကောင်ထီး ဃနပညတ်က ပရမတ်ဖြစ်ကြသည့် ဝိညာဉ် ၆ မျိုးတို့ မဖြစ်ဟု ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာပုံ၊ ၎င်းဝိညာဉ် ၆ မျိုးတို့ကလည်း ဒွါရအာရုံ နှစ်ပါးစုံ အကြောင်းတို့ကြောင့် ဖြစ်ရပုံ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့ကိုလည်း သိရှိရပုံတည်း။ (၄)ဆင်ခြင်သိ အရဖြင့် ၆ ဝိညာဉ်တို့ အသစ်ပြောင်း အဟောင်း ပျက်မှုနှင့် ဝိပဿနာရှုရပုံကို ပြဆိုချက်ပေတည်း။ ။နာမ်၌ သိနည်း ၄ ပါး ပြီး၏။

( ပထမရက်ပြီး၏ )

WWW.DHAMMARANSI.COM



# ဒုတိယရက်
# ဝိပဿနာ အလုပ်ပေး ကျင့်စဉ် ဟောစဉ်

## ဂ။ ရုပ်တရားတို့၌ သိနည်း-၄-ပါးဖြစ်ပုံ။

အမေး။ ။လူစသည်တို့၌ ဃနပညတ်တို့ကို ဖြစ်စေတတ်သော ပထဝီကလာပ် အာပေါကလာပ်တို့သည် တခုစီသာ ဖြစ်ကြပါသလော။

အဖြေ။ ။ပေါင်း၍လည်း ဖြစ်ကြပုံကို
အဋ္ဌမ္မ သမောဓါနာ၊ ဟောတိကေသာဒိသမုတိ၊
။ ။ဝိသုဒ္ဓိမဂ်။

အဋ္ဌမ္မ သမောဓါနာ၊ ရှစ်ပါးသော ပရမတ်အများတို့ ထိုထိုဃနပညတ် ဖြစ်ပေါ်အောင် ပေါင်းဆုံကြပြီးသောကြောင့်။ ကေသာဒိသမုတိ၊ ဆံပင်အစရှိသော သမုတိ ဃနပညတ်သည်။ ဟောတိ၊ သမုတိသစ္စာနယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။
ဆောင်ပုဒ်-လင်္ကာ။
ပရမတ်တွေ ပေါင်းစပ်မိက ဩကာသ လောက၊ သတ္တလောက ဖြစ်ပေါ်လာရ၏။

## ဃ။ ပွားသိဖြစ်ပွားပုံကား

ဒွတ္တိံသကာယ၏ ဃနပညတ်ကို ပြဆိုသော အရာဖြစ်၍ "ကေသာဒိ"ဟု အဋ္ဌကထာပြ၏။ တခြား၌ ပြရမူ "အဋ္ဌ

WWW.DHAMMARANSI.COM



ဓမ္မသမောဓါနာ၊ ဟောတိသမုတိ”ဟု ပြအပ်သည့်အတိုင်း ပြရပုံကား မြေကလာပ်မှုန့် တစလယ်သားလောက်ကို ဇလုံ၌ ထည့်ထား ရေကလာပ်မှုန့်ကိုလည်း ရေတခွက်လောက် ထည့်ထားပြီးမှ ဤမြေကလာပ် ရေကလာပ်တို့အထဲမှာ အတုံးအခဲတို့လည်း မပါရှိပုံကို သေချာစွာ ကြည့်ရှုပြီးမှ “အဋ္ဌဓမ္မသမောဓါနာ အရအတိုင်း ပထဝီကလာပ်ထဲသို့ အာပေါကလာပ်တို့ကို လောင်းထည့်လိုက်ပါမူ ပထဝီ ကလာပ်ကြားထဲသို့ အာပေါကလာပ် ဝင်သွားသည်ကို မျက်မြင်ဉာဏ်တွေ့ ကြည့်ရှုပြီးမှ ရေကလာပ်ကလည်း မြေကလာပ် မဖြစ်ကြဘဲ တခုတခု အကြားသို့ တခုတခုတို့ ဝင်နေကြသည်ကို မျက်မြင်ဉာဏ်တွေ့ သိရှိကြပြီးမှ “သမုတိဟောတိ”အရ သမုတ်အပ်သော အနက်ဖြစ်လာ၏ဆိုသောစကားအရသည် ထိုမြေကလာပ် ရေကလာပ် အတွင်းမှား သမုတ်စရာ အထူးမပေါ်လာကြဘဲ ထိုမြေကလာပ် ရေကလာပ်တို့ ပေါင်းစပ်မိသောအခါ အပေါ်ရံအပြင်စပ်က အတုံးအခဲကြီး ဘွားကနဲပေါ်လာရသည်ကို မျက်မြင်ဉာဏ်တွေ့ သိရှိပြီးလျှင် (သမုတိဆိုတာ) ဤအတုံးအခဲကြီးပဲ ဤအတုံးအခဲကြီးပဲဟူ၍ရင်း ဝါ၊ ပညတ်ဆိုတာလဲ ဒင်းပဲ နင်ပဲဟူ၍ရင်း ဝါ၊ ဃနပညတ်ဆိုတာ နင်ပဲ နင်ပဲဟူ၍ရင်း မြဲမြဲကြီး မှတ်ကြပြီးလျှင် ဒင်းရွှံ့တုံးကို ညီညာအောင်လုံး၍ မျက်မြင်ဉာဏ်တွေ့ စေ့စေ့ကြည့်၍ သိ၍ အပေါ်ရံ ရွှံ့လုံး ပုံသဏ္ဍာန်ကြီးကား ဃနပညတ်တည်းဟု ထင်မြင်အောင်ရှု၊ ဤဃနအတွင်းက တခုကြားတခုဝင်နေကြသော ပထဝီ အာပေါ ကလာပ်တို့ကား ကလာပ ကလာပဘည်းဟု ထင်မြင်အောင် မကြာမကြာအခါခါပွားသိဖြင့် ရှု၍ ဃန ကလာပတို့ကို ခြားနားစွာ ထင်မြင်လာအောင် ရှုပါလေ၊ ယောဂီမြတ်တွေ့တို့။

WWW.DHAMMARANSI.COM



ဤရွှံ့လုံးသည် ဓါတ် ၈ ပါးတို့ကို လုံး၍ထားသည်က တကြောင်း ပရမတ်ပညတ်တို့ကို ခြားနား သိရှိပြီးလျှင် နိဗ္ဗာန် တံခါး၀ ဓါတ်လုံးမည်၏။ မိုက်မှားလိုသူတို့ သမုတိဃနပညတ် နယ်က မိုက်မှားကြပြီးလျှင် အပါယ်လေးပါးသို့သွားကြရသော အပါယ်တံခါး၀ ဓါတ်လုံးလည်း မည်၏။ ပရမတ္ထသစ္စာ မှား ကြမှု သက္ကာယဒိဋ္ဌိ-၂၀၊ မိစ္ဆာဒိဋ္ဌိကြီး ၆၂ ပါး နိယတမိစ္ဆာ ဒိဋ္ဌိကြီး ၃ ပါး တို့ ဖြစ်ကြရကုန်၏။ ပရမတ္ထသစ္စာတို့ မှန်မှု ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိသုဒ္ဓိငါးပါး ဝိပဿနာဉာဏ် ၁၀ ပါး လောကုတ္တရာတရား ကိုးပါး ဖြစ်ကြကုန်၏။ ဟု သိပါလေ။

သမုတိသစ္စာနယ်က မှားမှု အရှုံးဖြစ်ကြကုန်၏ဟု သိပါလေ။ ဒုစရိုက် ၁၀ ပါး အကုသိုလ ကမ္မပထ ၁၀ ပါး ပဉ္စာနန္တရိယ ကံကြီးငါးပါး စသည်များကို ပြုလုပ်ကြ၍ အပါယ်လေးပါးသို့ လား၏။ သမုတိနယ်က မှန်ကြမှု သုစရိုက် ၁၀ ပါး ပုညကြိ ယာတရား ၁၀ ပါး အဘိဉာဏ် ၆ ပါး ဗြဟ္မဝိဟာရတရား ၄ ပါး ပါရမီ ၁၀ ပါး တို့ ပြည့်စုံနိုင်ကြပြီးလျှင်နတ် ဗြဟ္မာနှင့် အလောင်းအလျာကြီးများ ဖြစ်ကြကုန်၏ဟု သိကြပါလေ၊ သူ တော်ကောင်းတွေတို့။ ။ထို့ကြောင့် ဤဓါတ်လုံးကို နိဗ္ဗာန် တံခါး၀ ဓါတ်လုံးဟု အမည်ပြုကာအမြဲဆောင်၍ ဃနကလာပ တို့ ကွဲအောင်အမြဲရှုကြပါလေ ယောဂီမြတ်တွေတို့။

၎င်းအပြင် ပရမတ် ပညတ် ခြားနားပုံကို သဲပုံစေတီပြုလုပ် ၍ သဲနှင့်စေတီတို့ ဃနနှင့် ကလာပ ခြားနားနေပုံကိုလည်း ကြည့်ရှုကြလေ။ ၎င်းအပြင် သဲမှုတ်ပေါက်က သဲချောင်းချ၍ သဲမှုန့်နှင့် သဲချောင်းတို့ ဃနနှင့် ကလာပ ခြားနားနေပုံ ကိုလည်း ထင်မြင်အောင် ရက်များစွာ ကြည့်ရှုကြပါလေ။ ။

WWW.DHAMMARANSI.COM



ဍင်းအပြင် မိမိတို့ ကိုယ်ကောင်ကြီး အတွင်းက ဦးခေါင်း၏ ဃနကလာပ ကိုယ်ကောင်ကြီး၏ ဃနကလာပ လက်တို့၏ ဃနကလာပ ခြေတို့၏ ဃနကလာပ ဃနနှင့် ကလာပတို့ ရှုံလုံးမှာအထင်အမြင် ပေါက်သလို မိမိကိုယ်မှာ ပေါက်အောင် ရက်မျှားစွာ ကြည့်ရှုကြလေ။ ။ဤရှုံလုံးနှင့် မိမိတို့မှာ တလဲ့စီ အထပ်ထပ် ရှုကြည့်၍ ထင်မြင် ပေါက်ရောက်ပြီးမှ ရှုံလုံး ပုံမှာ ပေါက်သလို ထိုထိုသစ်ပင် တောတောင်အသုံးအဆောင် အဆောက်အဦး စသော အဝိညာဏက ရှိသမျှတို့မှာလည်း ပေါက်အောင် ရက်မျှားစွာ ပွားသိနှင့် ပွားကြပါလေ။ ။ ဍင်းနောက် မိမိမှာ ပေါက်ကြသလို သူတပါး ယောကျ်ား မိန်းမ စသော သဝိညာဏက ရှိရှိသမျှ တို့မှာလည်း ပေါက် အောင် ပွားသိနှင့် ရက်မျှားစွာ ပွားကြပါလေ။ ဤသို့ ပွား၍ ထင်မြင်ကြပါမူ လောကအားလုံးကို ခြေမှုန်းနိုင်ကြ ပြီဟုသိကြပါလေ။

## ၁၀။ ထိုးထွင်းသိအရနှင့် ဒိဋ္ဌိသုဒ္ဓိ ကခါဝိတရဏတို့ သိလာကြပုံ။

သန္တော ကာယော၊ သက္ကာယော။ ။

သက္ကာယေ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ ။

သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ပထဝီကလာပ်အာပေါကလာပ် အပေါင်းတည်း။ သက္ကာယော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပထဝီကလာပ် အာပေါ ကလာပ် အပေါင်း။ ။သက္ကာယေ၊ ပရမတ္ထအားဖြင့် ထင်ရှား

WWW.DHAMMARANSI.COM



ရှိသော ပထဝီကလာပ် အာပေါကလာပ် အပေါင်း၌။ ဒိဋ္ဌိ၊ ငါ သူတပါး ယောကျ်ား မိန်းမ စသည် ဃနအတ္တနှင့် ထင်မြင်၍ မှားခြင်းတည်း။ ဝါ ဒိဋ္ဌိ အနုစ်သာရ နိစ္စသာရ ဓုဝသာရစသည် သာရအတ္တနှင့် ထင်မြင်၍ မှားခြင်းတည်း။ သက္ကာယဒိဋ္ဌိ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပထဝီကလာပ် အာပေါ ကလာပ် အပေါင်း၌ ငါ သူတပါး ယောကျ်ား မိန်းမ စသည် ဃနအတ္တ သာရအတ္တဟု ထင်မြင်၍မှားခြင်းဟူ။ ။အဋ္ဌကထာတို့ မိန့်မှာတိုင်း အတွင်းသား သက္ကာယမည်သည် ပရမတ္ထကလာပ် တို့ကို ငါ သူတပါး ယောကျ်ား မိန်းမ စသည် ဃနပညတ် အားဖြင့်ရင်း အမြင်အထင်မှားမှု သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိဖြစ်၏ ဟူ၍ ထိုးထွင်းသိ အရနှင့် သိကြပါလေ။ ဤဃနအတ္တနှင့် သာရ အတ္တတို့ အရကို ပဋိသမ်ဒါဉာဏ်သို့ကျမှ ပါဠိတော် အဋ္ဌကထာ တို့ဖြင့် ထင်ရှားအောင် ပြပေလိမ့်သတည်း။

## ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံ။

အတွင်းသား ကလာပ ပရမတ္ထသို့ကို ပရမတ် အတိုင်းသိ ထိုဗရမတ်တို့ အပေါ်ရံ အပြင်စပ်က သမုတ်ခေါ်ဝေါ်အပ်သော ပုံသဏ္ဌာန် အကောင်အထည် ပညတ်ဃနတို့ကိုလည်း ပညတ် ဃနအတိုင်း တခြားစီဟု ထိုးထွင်းသိဖြင့် သိမှု ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏ ဟူ၍ သိကြပါလေ ယောဂီမြတ်တွေတို့။

## ၁၁။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပုံ။

လောက အားလုံးကို ဃနနှင့် ကလာပ ကွဲပြားအောင် ခြေမှုန်းနိုင်သော ယောဂီသည် ထိုးထွင်းသိဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ် ကြရုံမက ဤထိုးထွင်းသိဖြင့်ပင် ကင်္ခါဝိကရဏ ဝိသုဒ္ဓိဖြစ်ကြ

WWW.DHAMMARANSI.COM



မုံကား သံသရာ တလျှောက်လုံးက သိကြား ဗြဟ္မာစသော တန်ခိုးကြီးမားသော သူတို့ပင် (ဃနနှင့် ကလာပ)တို့ကို ခွဲခြား၍ မသိနိုင်ကြတဲ့ တခုတည်း တပေါင်းတည်း ထင်မြင်နေကြသည့် အထဲက တခြားစီ ခွဲပြနိုင်သော ၁။ တရားအစစ်အမှန်ကို ယခု ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သိရှိရသည့်အချက်က ထိုးထွင်း၍ သိသွားရပုံကား ဤတရားကို ဟောကြားသော သူသည် ဤတရားအစစ်ကို အဟုတ်သိသောသူ အဟုတ်သိသောသူ ဝါ ၂။ ဗုဒ္ဓေါ ပရမတ် ပညတ် အရပ်ရပ် အလုံးစုံတို့ကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားဟု ဘုရားအမှန်ကို ထိုးထွင်းသိကြရ၏။

တဖန် ဤတရားအမှန်တို့ကို ကောင်းစွာ ကျင့်ခြင်း ဖြောင့်စွာကျင့်ခြင်း စသည်တို့ကြောင့် (၃ အရိယာ သံဃာအစစ်) ဖြစ်လာကြ၏ ဟု သံဃာမှန်ကို ထိုးထွင်း၍ သိကြရ၏။

ဤဘုရား သံဃာ ဤတရားမှန်တို့ကို သိရှိ ကျင့်ကြံကြရသော သိက္ခာသုံးပါးတို့သည် မမှားနိုင်ကြတဲ့ အမှန်ဘို့ချည်း ဖြစ်ကြကုန်၏ ဟု ၄ သိက္ခာသုံးပါး အမှန်ကို ထိုးထွင်း၍ သိကြရ၏။

၅။ တဖန် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့မှာလည်း ယခု ဃနနှင့် ကလာပတို့ကိုသာ သိရှိထားတိုင်း ပင်လျှင် ရုပ်သဘာဝ ကလာပတို့ကိုသာ ဖြစ်ကြကုန်၏ဟု ကာလသုံးပါးတို့ ပရမတ်တို့ကိုသာ ထိုးထွင်း၍ သိရ၏။

WWW.DHAMMARANSI.COM



၆။ တဖန် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး တို့မှာလည်း ယခု ဃနနှင့် ကလာပတို့ကိုသာ သိရှိထားတိုင်း ပင်လျှင် ရုပ်နာမ် သဘာဝ ကလာပတို့သာ ဖြစ်ကြရကုန် ရာ၏ဟု ကာလသုံးပါးတို့၌ ပရမတ်ကိုသာ ဖြစ်ကြပုံကို ထိုး ထွင်း၍ သိကြရ၏။

၇။ တဖန် ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကြောင့် ဖြစ် သော အကျိုးတရားကို ဆိုသောကြောင့် အတိတ်ကံ အကြောင်း တရားကြောင့် ယခုဘဝ ဝိပါက်အကျိုးတရား ဖြစ်ကြရ၏ ယခု ဘဝ ဝိပါက် အကျိုးတရားကြောင့် ယခုဘဝမှာပင် ကံ အကြောင်းတို့ကို ပြုကြရပြန်၏။

၈။ ယခုဘဝ ကံအကြောင်း တရားကြောင့် အနာဂတ် ဘဝတို့မှာ ဝိပါက် အကျိုးတရား အဆက်ဆက် ဖြစ်နေကြကုန် ၏ဟု ပဋိစ္စသမုပ္ပါဒ် အမှန်တို့ကို ထိုးထွင်း၍ သိကြရ၏။

ဤယုံမှားခြင်း ၈ ပါး ကင်းသည့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ကိုလည်း ပွားသိက အခြေရပြီး ထိုးထွင်းသိတို့ဖြင့် သိနိုင်ကြ ကုန်၏ဟု မှတ်ကြ သိကြပါလေ ယောဂီမြတ်တွေတို့။

မှတ်ချက်။ ။ထိုထို အစိုကောင် အစိုအခဲတို့မှာ ရှုံလုံးစို အတိုင်းခဲ။ အခြောက်ခဲတို့မှာ ကလာပ်ခြား အာကာသပေါက်မှု အရေဝင်နိုင်သော ဝတ္ထု ဖြစ်လျှင် ရောင်ခြည်တော်သွင်း၍ ကြည့်ပါလေ ရောင်ခြည်တော် မဝင်နိုင်သော ဝတ္ထုမရှိဟု သိကြပါလေ ယောဂီမြတ်ညော့တို့။ ။

ပွားသိဖြင့် ဒိဋ္ဌိ ကင်္ခါ ၂ ပါး အကျဉ်းပြီး၏။

WWW.DHAMMARANSI.COM



# တတိယရက် ဝိပဿနာအလုပ်ပေး

# ကျင့်စဉ် ဟောစဉ်။

## ၁၂။ ပရမတ်စစ်များကို ထိုးထွင်းသိသွားကြဖို့၊

သိနည်း ၄ ပါးတို့တွင် ရှေ့ပွားသိက သိရှိခဲ့သည့် သတ္တလောက ဩကာသလောက ရှိရှိသမျှသော ကလာပတို့၏ ပမာဏတို့ကို။

တေ ပန ကလာပါ ပရမာဏုပရိမာဏာ ဟောန္တိ။

တေပနကလာပါ၊ထိုရုပ်ကလာပ်တို့မည်သည်ကား။ပရမာဏုပရိမာဏာ၊ ပရမာဏုမြူတခုမျှ ပမာဏရှိကုန်သည်။ ဟောန္တိ ဖြစ်ကုန်၏ဟု မဟာဋီကာ လာရှိသည့်အတိုင်း။

ဆောင်ပုဒ်(ကလာပ်ဟူသမျှ တူမျှသက်ရှယ် အမှုအရာဝယ် နည်းငယ်များမှု အထူးရှု။ ။)ဟူသော ဋီကာနှင့် ဆောင်ပုဒ်တို့အတိုင်း ဤပရမာဏုမြူ ပမာဏကား လင့်တတ်သော ရထာရေဏုမြူတလုံး ၄၆၆၅၆ စိတ် စိတ်၍ တစိတ်စာမျှ ပမာဏရှိကြသောကြောင့် ထိုထိုကလာပ် ဟူသမျှတို့သည် ယောဂီတို့ဉာဏ်မှာအထည်ဃနပညတ်မရှိဘဲ သဘောမျှ သက်သက်မျှသာရှိနေသည်ကို ရှေ့က သိရှိကြသော ရှုလုံးနိဗ္ဗာန်တံခါး၀ ခေတ်လုံး အတွင်းရှိ ရုပ်ကလာပ်တို့ကို ဉာဏ်စူးစိုက်၍ (**သဘောမျှ သက်သက် သဘောမျှသက်သက်**)ဟု ထိုးထွင်းကြည့်ကြ၍ သိကြ၍ အတန်တန် ရှုကြည့်ကြပါလေ။ ဤရှုလုံးမှ တပါးသော

WWW.DHAMMARANSI.COM



ထိုထို သတ္တလောက ဩကာသလောက ဃနအတွင်းရှိ ကလာပ်ဟူသမျှတို့ကိုလည်း ခေတ်လုံးမှာရှိသည့်အတိုင်း (**သဗ္ဗောသမ္ဘူ သက်သက် သဗ္ဗောသမ္ဘူသက်သက်**)ဟု ဃနကလာပတိုင်းတို့ကို ထင်မြင်အောင် ရှုကြပါလေ။

ဤသဗ္ဗောသမ္ဘူ သက်သက်ဖြစ်ကြသော ကလာပ်တခု တခုတို့မှာ အနည်းဆုံး ရှေ့က ပြခဲ့သည့်အတိုင်း ရုပ် ၈-ခုစီ ရှိကြ၏ဟု သိရှိပြီးမှ ဤရုပ် ၈ ခုတို့၏ ဥပါဒ်-ဌီ-ဘင်-၃ ချက်တိုင်းတို့ကို ဇာတိမီး ၈-မီး ဇရာမီး ၈ မီး မရဏမီး ၈ မီး ကလာပ်ထဲမှာ ပါသည့် တေဇောမီး တခုနှင့် ပေါင်း ၂၅ မီးတို့မှာ အမြဲလောင်နေကြသောကြောင့် အရှေ့ အထား မခံနိုင်ကြတော့ဘဲ ဖြစ်သည့်နေရာတို့မှာသာ ဃနတို့၏ အတွင်းရှိ ကလာပတို့ အကုန်လုံး ပျက် ပျက် လိုက်နေကြတာတို့ကို ဉာဏ်ဖြင့် ထိုးထွင်းသိ၍ (**သဗ္ဗောသမ္ဘူသက်သက် ပျက်၊ သဗ္ဗောသမ္ဘူသက်သက် ပျက်**)ဟု ထိုးထွင်း၍ ထိုးထွင်း၍ သိကြကုန်ရာ၏။ ဤအတိုင်း ထင်မြင်အောင် ခေတ်လုံးအတွင်းက ကလာပတို့ကို ထိုးထွင်း၍ သိရှိရသည့်အတိုင်း ရှေ့သွားသိက ပေါက်ရောက် ခဲ့ခြား၍ သိရှိလာခဲ့သမျှသော ကလာပတို့ကိုလည်း ထိုးထွင်းသိအရဖြင့် (**သဗ္ဗောသမ္ဘူသက်သက် ပျက်ပျက်**) လိုက်နေသည်ကို ကုန်စင်အောင် နေ့ရက်များစွာ ထိုးထွင်း၍ သိကြပါလေ။

ဤကား ထိုးထွင်းသိ အကျဉ်းပြီး၏။

(တတိယရက် ပြီး၏။)

WWW.DHAMMARANSI.COM



# စတုတ္ထရက်
# ဝိပဿနာ အလုပ်ပေး ကျင့်စဉ် ဟောစဉ်

## ၁၃။ အစ သမ္မသနဉာဏ် အားထုတ်ရန် ဆင်ခြင်သိအရ အဋ္ဌုတ္တာပျက်ကား

**အမေး။** ။ဘယ်အတွက် ဘာကို ဆင်ခြင်၍ သိရမည်နည်း။

**အဖြေ။** ။ဝိပဿနာ ရှုရန်အတွက် အနိစ္စ, အနိစ္စလက္ခဏာ အနိစ္စာနုပဿနာကိုရင်း၊ ဒုက္ခ ဒုက္ခလက္ခဏာ ဒုက္ခာနုပဿနာ ကိုရင်း၊ အနတ္တ အနတ္တလက္ခဏာ အနတ္တာနုပဿနာကိုရင်း ဆင်ခြင်၍ သိရမည်။

**အမေး။** ။ဘယ်၌ ဆင်ခြင်၍ သိရမည်နည်း။

**အဖြေ။** ။ယခု ဝိပဿနာရှုရန် မတ်မတ်ထိုင်နေသော ရုပ်တို့နှင့် ထိုင်လိုသော နာမ်တို့၌ ဤရုပ်နာမ် တရားတို့သည် ရှေ့ကရှုခဲ့သည့်အတိုင်း (**သဘောမျှ သက်သက် ပျက်ပျက် ပျက်ပျက်**) လိုက်နေကြသည့်တို့ကား (**အနိစ္စ အစစ်တည်း**)ဟု ပထမ အချက်ကို သိပြီးမှ တတန် ဤသို့ အမြဲ ပျက်ပျက်လိုက်နေသော်လည်း နောက်ဆက် သန္တတိ ဃနတို့က တဆက်တည်း ဆက်ဆက် လိုက်နေသောကြောင့် ပျက်ချက် **အနိစ္စကို** မသိနိုင်ကြ၍ ဤအနိစ္စအချက်ကို သိမှတ်ကြောင်း (အနိစ္စ လက္ခဏာ အရကို) ရုပ်တို့၏ ဖေါက်ပြန်ချက်အရဖြင့် သိရှိကြရန်။

WWW.DHAMMARANSI.COM



ရူပပ္ပတီတိ ကုပ္ပတိ ဝိနဿတီတိ အတ္ထော။ ။

ရုပ္ပတိ၊ ဖေါက်ပြန်ဆိုသည်ကား။ ကုပ္ပတိ၊ ပျက်ထသတည်း။ ဝိနဿတိ ပျောက်သွားတာတည်း။ ဣတိအတ္ထော၊ ဤကား ရုပ္ပတိပုဒ်၏ ဖေါက်ပြန်သော အနက်တည်း။ ။ဟု သံယုတ် အဋ္ဌကထာ ဖွင့်ပြတိုင်း ဝိပဿနာအလုပ်ကို အားထုတ်လိုသူတို့အစဉ် မပြတ် တဆက်ထည်း ပျက်ပျက်နေကြသော ရုပ်တို့ကို သိမှတ် ကြောင်း လက္ခဏာသည်လည်း "အနိစ္စံ ခယဋ္ဌေန" ရုပ်နာမ် တရားတို့ ကုန်ဆုံး ချုပ်ပျောက်သွားခြင်းတို့ကိုပင် အဋ္ဌကထာ ဆရာများ ပြသောကြောင့် ဤ အနိစ္စ လက္ခဏာကို သိရှိရန် လက်ျာဘက်သို့ ယိမ်းလိုသောစိတ်နှင့် ကိုယ်ကောင်ရှိ ရုပ်တို့ကို ယိမ်း၍ ဆင်ခြင်ကြပါမူ မတ်မတ်ထိုင်လိုသောစိတ်နှင့် ထိုင်နေ သောရုပ်တို့ အကုန်လုံး ဘောက်ပြန်သွားခြင်း။ ဝါ ပျက်သွား ခြင်း တို့သည်သာလျှင် "အနိစ္စံ ခယဋ္ဌေန" အရ ကုန်ဆုံးသွား ခြင်း အနိစ္စဖြစ်နေချက်ကို မှတ်ကြောင်း "အနိစ္စလက္ခဏာ" အစစ်တည်း အစစ်တည်းဟု ဤဒုတိယ ၂ အချက် အရကို ဆင်ခြင်၍ သိကြပါလေ။

တဖန် ဤဘောက်ပြန် ပျက်ပျောက် ကုန်ဆုံးသွားသည့် မှတ်ကြောင်းလက္ခဏာဖြင့်ပင် မတ်မတ်ထိုင်နေသည့် ရုပ်နာမ် အကုန်လုံးတို့ ပျက်ချက် အနိစ္စအစစ်တို့ကို "အနိစ္စ–အနိစ္စ" ဟု ဆင်ခြင်မှုဖြင့် ရှုကြည့် ပွားများခြင်းတို့ပင်လျှင် (အနိစ္စာနုပဿ နာ အစစ်တည်း အစစ်တည်း)ဟု ဤတတိယ ၃ အချက်အရ ကို ဆင်ခြင်၍ သိကြပါလေ ဝါ ဝိပဿနာ ရှုကြပါလေ။

ဤကိုရည်၍

WWW.DHAMMARANSI.COM



**ကမ္မာအားလုံး ချေမှုန်း ဖျောက်ဖျက် ဖြစ်ပျက် နေမှု လက္ခဏာရေးနှင့် ဆင်ခြင်ရှု**

ဟု ရေးပြအပ်ပါသည်။

တဘန် ဤရုပ်နာမ်တို့၏ အနိစ္စ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ ၃ ချက်တို့အရကို အမူအရာ အသစ်ပြောင်းတိုင်းတို့မှာ အမူအရာဟောင်း ရုပ်နာမ်ဟောင်းတို့ ဘောက်ပြန် ပျက်ပျောက်ကုန်၍ ကုန်ဆုံးသွားမှု မှတ်ကြောင်း လက္ခဏာစုဖြင့် ရှေ့ကပြခဲ့သည့်အတိုင်း လက်ျာတက်သို့ပင် အဆင့်ဆင့်ယိမ်း၍ ယိမ်း၍သွားကြောင်း အနိစ္စလက္ခဏာဖြင့်ပင် ပျက်ပျက်လိုက်နေကြသော ရုပ်နာမ် အမူအရာဟောင်းတို့ကို ဆင်ခြင်သိ အရဖြင့် (အနိစ္စ-အနိစ္စ)ဟု ဝိပဿနာ ရှုကြလေ ဤသို့ ရှုခြင်းကို အနိစ္စာနုပဿနာဆို၏။

တဖန် ယိမ်းရာမှ အဆင့်ဆင့် မတ်မတ်သွားမှု အမူအရာပျက် အနိစ္စကိုရှု။

တဖန် ဤအတူ လက်ဝဲဖက် ရှေ့ဖက် နောက်ဖက်တို့ကို ယိမ်း၍၎င်း မတ်၍၎င်း ဤအနိစ္စအချက် အမူအရာပျက်တို့ကို ထင်မြင် စွဲမြဲနေအောင် နေ့ရောညပါ အခါမလပ် အထပ်ထပ် ရှုကြည့်ပါလေ။ ဤကိုယ်ကို ယိမ်းရိုင်၍ ရှုကြည့်မှု အစုစုတို့ကို စွဲမြဲထင်မြင်ကြပါမူ ထိုထို အမူအရာတိုင်းတို့မှာ လွယ်ကူစွာ အနိစ္စ အချက်စုတို့ကို ထင်မြင်လာကြပေလိမ့်သတည်း။

ထို့မှတပါး ပရမတ် စစ်တို့သည် အမူအရာမျှသာ ဖြစ်ကြောင်းကို။

WWW.DHAMMARANSI.COM



သဗ္ဗေပိဟိ ဓမ္မာ တံတံကြိယာ မတ္တာဝ ဟောန္တိ။

ဟိ၊ အမူအရာမျှ ဖြစ်ကြသည်ကို ထင်ရှားအောင် ပြဦးအံ့။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ရုပ်နာမ် တရားအစစ်တို့သည်။ တံတံကြိယာ မတ္တာဝ၊ ထိုထိုအမူအရာ ကြိယာမျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

ဟူသော ဋီကာဆရာကြီးများ မိန့်တော်မူသည်ကို သိစေလို၍။

ထိုထိုအမူအရာ ဖြစ်ပျက်ဟာ ခန္ဓာဖြစ်ပျက်မှု အစစ်ရှု။ ။ ဟူသော ဆောင်ပုဒ်ဖြင့်လည်း အမူအရာ ဟူသမျှတို့၌ ရုပ်နာမ် ခန္ဓာတို့ အနိစ္စ အချက်တို့ကို သိကြပါလေ၊ အမူအရာပျက် ဟူသမျှတို့၌ ရုပ်နာမ်ခန္ဓာတို့ အနိစ္စ အချက်တို့ကို သိကြပါလေ။

ဉာဏ်နုမှု နည်းမှု ဤမှာ တရက်ပြကြပါလေ။

## ၁၄။ ထွက်သက် ဝင်သက် အမူအရာပျက် အနိစ္စရှုရန်။

ဤထွက်သက် ဝင်သက်နှင့် အားထုတ်သော ဝိပဿနာနည်းသည် သမထကဲ့သို့ နှာခေါင်းဝ၌ စိတ်မစိုက်ရပါ မိမိကိုယ် အလယ်ပိုင်းရှိ သဘောမျှသက်သက် အမြဲ ပျက်ပျက်လိုက်နေကြသော အတွင်းသား ရှုလိုသောစိတ်နှင့် ထွက်သက်ရှူလိုက်သောအခါ ကိုယ်ကောင်ကြီး ရှုံ့ရှုံ့သွားနေသော တကိုယ်လုံးရှိ ရုပ်အမူအရာဟောင်းတို့ "ရုပ္ပတီတိ ကုပ္ပတိ ဝိနဿတီတိ အတ္ထော" ဟူသော အဋ္ဌကထာ အရအတိုင်း ဖောက်ပြန်ပျက်ပျောက် ကုန်ဆုံးသွားမှု မှတ်ကြောင်းလက္ခဏာ စုဖြင့် ဗွပျက် အနိစ္စ အစစ်ကို ဉာဏ်ဖြင့် မိမိပြုံးပြုံးကြည့်ပြီး ဆင်ခြင်သိအရနှင့် သိ၍ ကြည့်၍ အနိစ္စရှုပါလေ။

WWW.DHAMMARANSI.COM



တဖန် အတွင်းသို့ရှုကြလိုသောစိတ်နှင့် ဝင်သက် ဝင်သွားသောအခါ ပွပွလာသော တကိုယ်လုံးရှိ ရုပ်အမှုအရာဟောင်းတို့သည် "ရုပ်ပွတိတိ ကုပ္ပတိ ဝိနဿတိတိ အတ္တော" အရ အတိုင်း ဖောက်ပြန် ပျက်ပျောက်ကုန်ဆုံးသွားမှု မှတ်ကြောင်းလက္ခဏာစုဖြင့် ပွပျက် အနိစ္စ အစစ်ကို ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍ ဆင်ခြင်သိအရနှင့် သိ၍ ကြည့်၍ ရှုပါလေ၊

တဖန် အတွင်းသို့ ရှုကြလိုသော စိတ်နှင့် ဝင်သက်ဝင်သွားသောအခါ ပွပွလာသော ကကိုယ်လုံးရှိ ရုပ်အမှုအရာဟောင်းတို့သည် "ရုပ္ပတိတိ ကုပ္ပတိဝိနဿတိတိ အတ္တော" အရအတိုင်း ဖောက်ပြန်ဖြစ်ပျက် ကုန်ဆုံးသွားမှု အနိစ္စလက္ခဏာစုဖြင့် အနိစ္စဟု ရှုလေ။

၍ရှုံ့ရှုံ့သွားသည့် အမှုအရာ တကိုယ်လုံးပျက်နှင့် (ပွပွ) သွားသည့် အမှုအရာတကိုယ်လုံပျက်တို့ကို ထွက်သက် ဝင်သက်တို့မှာ ထင်မြင်စွဲမြဲနေအောင် နေ့ရောညပါ အခါမလပ် အထပ်ထပ် ရှုကြည့်ကြပါလေယောဂီတွေတို့၊

## ၁၅။ စင်္ကြံဖြင့် အနိစ္စရှုရန်။

စင်္ကြံန်သွားလို၍ မတ်မတ် ရပ်လိုသော စိတ်နှင့် ရပ်နေသော အတွင်းသား ရုပ်နာမ်တို့သည် သဘောမျှသက်သက် ပျက်ပျက်လိုက်နေကြသည်ကို ရှုကြည့်ပြီးမှ ဘယ်လှမ်း လှမ်းလိုသော စိတ်နှင့် ဘယ်လှမ်းအမှုအရာ ရုပ်တို့ဖြစ်သောအခါ ရပ်လိုသော စိတ်နှင့် ရပ်ရပ် အမှုအရာဟောင်းတို့ ရုပ္ပတိတိ ကုပ္ပတိဝိနဿ

WWW.DHAMMARANSI.COM



တိတိ အတွေ့သာ အရအတိုင်း ဖောက်ပြန် ပျက်ပျောက် ကုန်ဆုံး သွားမှု မှတ်ကြောင်း လက္ခဏာစုဖြင့် ညာလှမ်းပျက် ဘယ်လှမ်း ပျက် အနိစ္စ အချက်တို့ကိုလည်း ဉာဏ်ဖြင့် မိမိ ပြုံးပြုံး ကြည့်ပြီးလျှင် ဆင်ခြင်သိအရနှင့် ကြည့်၍ သိ၍ ဉာဏ်မှာ ထင်လွယ်အောင် နှုတ်ဖြင့်လည်း **ပျက်ပျက် ပျောက်ပျောက် မရှိမရှိ** အနိစ္စ အနိစ္စ အနိစ္စဟု ခြေလှမ်းတိုင်းတို့မှာ ဆို၍ ဆို၍ နှေးနှေးလှမ်း မြန်မြန်လှမ်း လှမ်းတိုင်း ထင်မြင်စွဲနေအောင် ရှုကြည့်ကြပါလေ။ ယောဂီမြတ်တွေတို့၊ အဇ္ဈတ္တပျက်ပြီး၏။

(စတုတ္ထရက်ပြီး၏။)

WWW.DHAMMARANSI.COM



# ပဉ္စမရက် ဝိပဿနာအလုပ်ပေး ကျင့်စဉ် ဟောစဉ်။

## ၁၄။ ဗဟိဒ္ဓ အပပျက်ကို အဇ္ဈတ္တံပျက်နှင့် တွဲဖက်၍ ရှုရန်။

အနန္တ လောကရှိ ရုပ်နာမ်တို့ ပစ္စုပ္ပန်ဖြစ်ပျက် တူညီချက် အရနှင့် ဥပမာ ပြုရမူ ဤကမ္ဘာပေါ်၌ တနင်္ဂနွေနေ့ ဖြစ်ပေါ်ခြင်းကား တပြိုင်နက် နေ့ ည ဖြစ်ပေါ်လာသော တကမ္ဘာလုံးမှာ တနင်္ဂနွေနေ့တို့ချည်း ဖြစ်ကြရကုန်၏ ထိုထိုမြို့ရွာတို့ကတနင်္ဂနွေနေ့ မဖြစ်ခြင်း၍ စနေနေ့ပင် ကျန်ရစ်ခဲ့လိုသော်လည်း မနေနိုင်ကြ သို့မဟုတ်ဘနင်းလာနေ့သို့ ကျော်၍လည်း မဖြစ်နိုင်ကြဘဲ တနင်္ဂနွေနေ့ချည်းသာ၊ အတူတကွ ဖြစ်ပျက်၍ နေကြရကုန်သကဲ့သို့ရင်း တဖန် ဤနေ့၌လည်း ထပ်တူ တိုက်ထားသော နာရီတို့သည် ရှေ့နောက် မဖြစ်နိုင်ကြဘဲ နာရီအတိုးခြင်း ဒေါက်ဒက် ဒေါက်ဒက် သွားနေကြသော စက္ကန့်ခြင်းတို့လည်း တပြိုင်နက် ဖြစ်ကြသည့်အတွက် တပြည်လုံးရှိ တကမ္ဘာလုံးရှိ သမျှ နာရီတို့၏ နေ့ည အချိန်အခါ နာရီ မိနစ် စက္ကန့်တို့ကို သိလိုမှု မိမိတို့၏ နေ့ ည အချိန်အခါ နာရီ မိနစ် စက္ကန့်တို့ကို သိရှိ သိရှိသလို တကမ္ဘာလုံးရှိ တပြည်လုံးရှိ သဝိညာဏက အဝိညာဏကတို့၏ ဃနနှင့် ကလာပတို့ကို တခြားစီ သိရှိကြပြီးလျှင် ထိုးထွင်းသိအရဖြင့် ထိုထိုကလာပ်တိုင်တို့သည် **သဒ္ဒါ သက်သက် ပျက်ပျက်.ပျက်ပျက်** လိုက်နေကြရသည်ကို ရှုကြည့်၍ သိရှိလာခဲ့သည့်အတိုင်း ယခုအတွင်း အပပျက် နှစ်ခုကို တွဲဖက်၍ ရှုတိုင်းတို့မှာလည်း ထိုထို ဃနတို့၏ အတွင်းရှိသမျှ ကလာပတို့

WWW.DHAMMARANSI.COM



သဘောမျှ သက်သက် ပျက်ပျက် ပျက်ပျက် လိုက်နေချက်တို့ကို ပါ ရှုကြည့်ပြီးမှ မိမိ၏ ယခု အားထုတ်ဆဲ ထိုထို အမူအရာ ဖြစ်ပျက်မှု ရုပ် နာမ်တခုခုကို သိရှိက တပြည်လုံး ဝါ၊ တကမ္ဘာလုံး ဝိသယခေတ် တခေတ်လုံးရှိ ပစ္စုပ္ပန် ကာလတူ ရုပ်နာမ်တို့၏ ဖြစ်ပျက်တို့ကို သိရှိရသည်နှင့် တူလှ၏။ ဤသို့ သိရှိတိုင်း ထင်မြင်အောင် မကြာမကြာ အခါခါ ပွားများ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

## ၁၇။ ရုပ်တရားပျက်နှင့် အများပျက်တို့ တွဲဘက်၍ရှုရပုံ

ဧကော ဟိ ပထဝီ ဓာတု ဘိဇ္ဇမာနာ သေသဓာတု ယော ဂဟေတွာဝ ဘိဇ္ဇတိ။ တထာ အာပေါဓာတု အာဒယော။ ရူပက္ခန္ဓောဝ ဘိဇ္ဇမာနော အရူပက္ခန္ဓေ ဂဟေတွာ ဘိဇ္ဇတိ။

ဟိသစ္စံ၊ ရုပ်တပါးပျက်လျှင် ကာလတူ အကုန်ပျက်ကြတာမှန်၏။ ဧကော၊ တခုသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဘိဇ္ဇမာနော၊ ပျက်သည်ရှိသော်။ သေသဓာတုယော ကြွင်းသော ကာလတူဓာတ်တို့ကို၊ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ အာပေါဓာတု အာဒယော၊ အာပေါဓာတ် စသည်တို့သည်။ တထာ၊ ထိုပထဝီဓာတ်နည်းတူ အားလုံးကုန် ယူပြီး ပျက်ကြရခြင်း တူသည်သာလျှင်တည်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ဝ၊ ရုပ်တပါးပါးသည်။ ဘိဇ္ဇမာနော၊ ပျက်သည်ရှိသော်။ အရူပက္ခန္ဓေ၊ ပစ္စုပ္ပန် နာမ်ခန္ဓာတို့ကို။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ဟူသော၊ သံယုတ်အဋ္ဌကထာ လာတိုင်း ထိုထို ဓာတ်တပါးပျက်မှု ဝါ ခန္ဓာတပါးပျက်မှု ကာလတူ ရုပ်နာမ်အားလုံးတို့ အပျက်ခြင်း တူကြသည်ကို သိရှိရသည့်

WWW.DHAMMARANSI.COM



အတိုင်း မိမိအတွင်းက ရုပ်နာမ်ခန္ဓာ တပါးပါးပျက်နှင့် ထိုထို ကလာပ အကျော် အခံ ရုပ်နာမ်တို့ပါ ထပ်တူ ထပ်တူ ဝါ၊ အတွဲလိုက် အတွဲလိုက် ပျက်ပျက်နေကြသည်ကို ဆင်ခြင်သိ အရ ဖြင့် ဝိပဿနာ ရှုရ၏။

ရှုရပုံကား ရှေ့က မိမိ ရုပ်နာမ်တို့ ခြေတလှမ်း တခါပျက် သည့်အတိုင်း စကြံနှင့် အကျော်အခံ တွဲ၍ရှုရန် မတ်မတ် ရပ် လိုသောစိတ်နှင့် ရပ်နေသော မိမိအတွင်း၌ ရုပ်ကလာပ် တို့ကိုငင်း အောက်အခံ မြေ၌ ရုပ်ကလာပ်တို့ကိုငင်း သဘောမျှ သက်သက် ထို ၂ ပါးစုံတို့ အမြဲ ပျက်ပျက် ပျက်ပျက် နေကြ သည်ကို ဥာဏ်ဖြင့် မိမိ ပြုံးပြုံးပြီး ဆင်ခြင်၍ ဆင်ခြင်၍ ကြည့် ပြီး ညာလှမ်း အမူအရာပျက်ဖြင့် အကျော်အခံပါပျက် ဘယ် လှမ်း အမူအရာပျက်ဖြင့် အကျော် အခံပါပျက်တို့ကို ခပ်လေး လေး လှမ်း၍လှမ်း၍ ရှုကြည့် ပွားများ အားထုတ်သွားကြပါမူ မကြာခင် အကျော် အခံ ရုပ်နာမ်တို့၏ အစုံပျက်တို့ကို ထင်မြင် လာကြပေလိမ့်သတည်း။

အထူးသတိပြုရန်ကား ဤ အကျော်အခံကို အစပထမ အားထုတ်သူတို့ မိမိ စကြံ အောက်အခံ မြေကလာပ်မှုန့်တို့နှင့် သာ အတူ ပျက်ပျက် လိုက်နေတာကို တွဲရှုလို့ ထင်မြင်သော အခါကျမှ ကမ္ဘာပေါ်ရှိ ဝါ၊ မိမိ၏ထက်အောက်နှင့် ရှေ့နောက် ဝဲယာ၌ ကလာပ်တိုက် ခေတ်တိုက်ကြီးတို့ပါ အတူ တကွ ပျက်ပျက်-ပျက်ပျက် လိုက်နေကြသည်ကို ဥာဏ်ဖြင့် မိမိ (ဆင်ခြင်ကြည့်၍) အကျော်အခံတို့ ၂ ပါးနှင့် အလုံးစုံပျက် အလုံးစုံပျောက် ပျောက် လိုက်နေကြသည်တို့ကို အမြဲ ထင်မြင်

WWW.DHAMMARANSI.COM



နေအောင် မကြာမကြာ အခါခါ ပွားများအားထုတ် ကြပါလေ။ ယောဂီမြတ်တွေတို့။

ဤအားလုံးကုန်ပျက်ကို ထင်မြင်ချက်ရသောအခါ စစ်တပ်ကြီးတို့ အလှမ်းတူ ချီတက်သွားကြဆဲအခါတို့မှာ မိမိတို့ ခြေလှမ်းကိုသာ သတိပြု၍ သွားသော်လည်း မိမိ၏ ဝဲယာ ရှေ့နောက်ရှိ စစ်တပ်သားတို့လည်း မိမိနှင့် အလှမ်းတူ တက်တက်သွားနေသည်ကို သိရသလို တကမ္ဘာလုံးအကုန်ရှိ ကာလတူ ရုပ်နာမ်တို့လည်း တကွနက် ပျက်ပျက် လိုက်နေကြမှုကို ဆင်ခြင်သိအရဖြင့် ရှု၍ ရှု၍ ဝိပဿနာအလုပ်ကို အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ စကြံနိမှ တပါးသော ရုပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ဣရိယာပုတ်တို့မှာကား ထွက်သက် ဝင်သက်အမူအရာတို့သည် အပျက်နှင့် တကွနက် ၂-ပါးစုံပျက်တို့ကို တွဲတက်၍ တွဲတက်၍ ရှုကြပါလေ။

## ၁။ ဒုက္ခနှင့် အနတ္တကို ဝိပဿနာရှုပုံ

လက္ခဏာရေး တပါးထင်မှု ကျန် ၂ ပါးတို့လည်း ထင်မြင်လာနိုင်၏ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာ မိန့်မှာတိုင်း ဒုက္ခနှင့် အနတ္တတို့၏ လက္ခဏာတို့ကို သိ၍ ကြည့်၍ ဝိပဿနာ ရှုရပုံကား ဘောက်ပြန် ပျက်ပျောက် ကုန်ဆုံးသွားသည့် အနိစ္စ လက္ခဏာကို ကြည့်၍ အနိစ္စ ဝိပဿနာကို ဆင်ခြင်သိအရဖြင့် ရှုကြည့်ရတာလို ရုပ်နာမ်တို့ ဘောက်ပြန်ပျက်ပျောက် ကုန်ဆုံးသွားတာ

WWW.DHAMMARANSI.COM



တို့ပင်လျှင် သေဘေးကြီး သင့်သွားချက် "ဒုက္ခံ ဘယဋ္ဌေန"ဟူသော ဒုက္ခလက္ခဏာနှင့် (အနှစ်မရှိချက်) "အနတ္တာ အသာရကဋ္ဌေန"ဟူသော အနတ္တလက္ခဏာတို့ဖြင့် ဖြစ်ကြသောကြောင့် ရှေ့အနိစ္စအချက် လက္ခဏာက ပြခဲ့သည့် ယိမ်းယိုင် အမူအရာ ပျက် ရှုံ့ပွ အမူအရာပျက် ခြေလှမ်းအမူအရာ ဤဒုက္ခလက္ခဏာ အချက်တို့ကို ဆင်ခြင်သိအရဖြင့် ကြည့်၍ သိ၍ (ဒုက္ခ ဒုက္ခ)ဟု ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။

တဖန် ထိုထို အမူအရာ အပျက် အနှစ်မရှိတဲ့ ဤအနတ္တ လက္ခဏာအချက်တို့ကို ဆင်ခြင်သိ အရဖြင့် ကြည့်၍ သိ၍ (အနတ္တ အနတ္တ)ဟု ထင်မြင်လာအောင် အဖန်ဖန် ရှုကြပါလေ။ ဤသို့ သဘောမျှ သက်သက် ပျက်ပျက်နေကြသော ရုပ်နာမ်တို့ကို လက္ခဏာရေး ၃ ပါးတို့ဖြင့် ဝိပဿနာရှုရသော ဉာဏ်ကို သမ္မသနဉာဏ်ဟု သိစေလို၍။

သုံးဖြာလက္ခဏာ သုံးသပ်ရ၊ သမ္မသနဉာဏ်။ ။

ဟု ဆရာမြတ်ကို မိန့်ဆိုတော် မူအပ်ကြပေသတည်း။

အထူးကာ ဆင်ခြင်သိ အရဖြင့် လက္ခဏာရေး ၃ ပါးတို့ကို တလှည့်စီ တလှည့်စီ ဆင်ခြင်ပွားများသောအခါ အထူး ထင်မြင်လာသော ဝိပဿနာတခုတည်းကိုသာ အားထုတ်၍လည်း ဖြစ်နိုင်ပါ၏။

(ပဉ္စမရက်ဟောစဉ် ကျင့်စဉ်ပြီး၏။)

WWW.DHAMMARANSI.COM



# အဌမရက် ဝိပဿနာအလုပ်ပေး ကျင့်စဉ် ဟောစဉ်။

## ၁၉။ ဥဒယဗ္ဗယဉာဏ် အားထုတ်ရန်။

ရှေ့သမ္မသနဉာဏ်က ပျက်ချက်တခုကိုသာ ရှုခဲ့ရ၏၊ ဤဥဒယဗ္ဗယဉာဏ်မှာ မူကား ဖြစ်ဆဲ ရုပ်နာမ်တို့၏ ဖြစ်ချက် (ဥဒယ)နှင့် ပျက်ချက် (ဝယ)တို့ကို ရှုကြည့်ရသောကြောင့် ရှေ့သမ္မသနဉာဏ်က မိမိကိုယ်ကို ဝဲယာ ရှေ့နောက် အဆင့်ဆင့် ယိမ်းစ (ဥဒယ)နှင့် ယိမ်းဆုံး (ဝယ) မတ်စ(ဥဒယ)နှင့် မတ်ဆုံး(ဝယ) ဤနှစ်ချက်တို့ကို ထင်မြင်အောင် ဆင်ခြင်သိသိရဖြင့် ရှုကြည့်ရ၏၊ ။ဤအတူ ရှုံ့ပျက် ပွပျက်တို့၌၎င်း ညာလှမ်းပျက် ဘယ်လှမ်းပျက်တို့၌၎င်း ထိုထိုအမှုအရာတို့၏ အစ (ဥဒယ) အဆုံး(ဝယ)တို့ကို ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍ ဆင်ခြင်သိအရဖြင့် ထင်မြင်အောင်ရှုကြပါလေ။ ။ဤကား ပစ္စုပ္ပန်ကာလဖြင့် ဥဒယ ဝယ ရှုနည်းတည်း။

ဤဉာဏ်နှစအခါ ဩဘာသ ပီတိ ပဿဒ္ဓိ စသည်တို့ ပေါ်ပေါက်တတ်၏။ ၎င်းတို့သည် မဂ်မဟုတ်ဟု သိမှုဉာဏ်အမြင် စင်ကြယ်ခြင်းတို့သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဤအရောင်အလင်း စသည်တို့ကား မျှားသောအားဖြင့် သမထ ယာနိက ပုဂ္ဂိုလ်သာ ဖြစ်တတ်၏။ ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့သည် မဖြစ်ပေါ်လေ။ ဝိရိယ သန်သန်နှင့် ဘင်ဉာဏ်သို့ အမြန်တက်သူတို့လည်း မဖြစ်ဟု သိစေခြင်းမှာ။

WWW.DHAMMARANSI.COM



အယံ ဝိပဿနုပက္ကိလေသော ယေဘုယျေန သမထ ဝိပဿနာလာဘိနော။

ပန၊ အထူးကို ဆိုဦးအံ့။ အယံ ဝိပဿနုပက္ကိလေသော၊ ဤဝိပဿနာညစ်ညူးကြောင်းသည်။ ယေဘုယျေန၊ များသော အားဖြင့်။ သမထ ဝိပဿနာလာဘိနော၊ သမထ ဝိပဿနာ အစုံရှိသော ယုဂနဒ္ဓ ပုဂ္ဂိုလ်တို့သာလျှင်။ သံပဇ္ဇတိ၊ ဖြစ်တတ်၏။ ။ဟု ဝိသုဒ္ဓိမဂ် စသည်တို့၌ မိန့်ဆိုကြကုန်၏။

## ၁၀။ ပစ္စုပ္ပန်ကာလဖြင့် ပစ္စယ ၄ ပါးဖြစ်ပုံ။

ဤပစ္စုပ္ပန်အဖြစ် ဥဒယ အဆက်ဆက်တို့ ဖြစ်လိုက်ချက်တို့ကို ထင်မြင်ပါမူ ထိုဖြစ်ကြောင်း ၄ ချက်နှင့်တကွ ထင်မြင်လာနိုင်ပုံကို။

ရူပက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စလက္ခဏာနိ ပဿတိ။

ရူပဿ၊ ရုပ်တရား၏။ ဥဒယံ၊ အဆက်ဆက် ဖြစ်နေချက်ကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ဣမာနိ ပဉ္စလက္ခဏာနိ၊ ဤ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ ဤအကြောင်းတို့၏ ရှိနေကြသည့် အဖြစ်ဟု ဆိုအပ်သော လက္ခဏာ ၅ ပါးနှင့် ပစ္စုပ္ပန်ရုပ်၏ ဥပါဒ်ခြင်းဖြစ်ခြင်း လက္ခဏာဟူသော ဤငါးပါး

WWW.DHAMMARANSI.COM



သော လက္ခဏာတို့ကို။ ပဿတိ၊ ထင်မြင်လာနိုင်တော့သည် သာလျှင်တည်း။ ဟု....

ဝိသုဒ္ဓိမဂ် မဟာဋီကာ မိန့်မှာတိုင်း ထိုထို ဝိပဿနာ ဉာဏ်တို့မှာ တကမ္ဘာလုံးရှိ ရုပ်နာမ်တို့ ဃနပညတ်တို့နှင့် တကွ အကြွင်းအကျန်မရှိ ချုပ် ပျက်သွားကြသော်လည်း ဤဃန ပညတ်တို့ ပျောက်ချက် ထင်မြင်အောင် အဝိဇ္ဇာ တဏှာ ကံ အာဟာရစသော ပစ္စယအကြောင်းတို့၏နောက်ဆက်(သန္တတိ) ဃနတို့က အကြားအလပ် မရှိရအောင်ဆက်လက် ဖြစ်ဖြစ်လိုက် နေသောကြောင့် ဤအကောင် အထည် ဝတ္ထုကြီးတို့ မပျက် စီးဘဲ တခါတည်း တည်နေကြသည်ဟု ထင်မြင်နေကြကုန်၏ ထိုသို့ပင် ထင်နေကြသော်လည်း ထိုထိုဖြစ်ဆဲပျက် အမူအရာ ပျက်တို့ကိုရှုသည့် ဝိပဿနာ ဉာဏ်မှာမူကာ ထိုထိုအမူအရာတို့ ပျက်နှင့် တချက်တည်း ထိုထို ဃနပညတ်တို့လည်း အကုန်လုံး ပျက်တို့ကိုပါ ထင်မြင်လာနိုင်ကုန်ရာ၏။ ။အကယ်၍ ရှေ့က မပျက်ဟု စိတ်စွဲရှိလာသည့်အတိုင်း ထိုထို တိုက်နံရံ တိုင စသည်တို့ မပျောက် မပျက်ကြဘဲ ရှေ့အတိုင်း တည်ရှိနေကြ သည်ဟု စိတ်ထဲမှာ ထင်မြင်နေကြသောအခါ ထိုထင်မြင်နေ ကြသော ဃနဝတ္ထုတို့ အတွင်းမှာ ရှုနေကြသော(ကလာပ)တို့ သည် သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသည်ကို ရှေ့ထိုးထွင်းသိက ရှုကြည့်ထင်မြင်ပေါက်လာကြသည့် အတိုင်း မပျက်ဟု ခုနံနေသော ဝတ္ထုတို့၏ အတွင်းသို့ ထိုးထွင်း၍ ရှုကြည့်ကြက သဘောမျှသက်သက် ပျက်ပျက် ပျောက်ပျောက် မရှိ မရှိ ဝါ၊ အနိစ္စ အနိစ္စ ရောက်ရောက် လိုက်နေကြတာ တို့ကို ထင်မြင် လာနိုင်ကြပေလိမ့်မည်တည်း။ ဝါ ထင်မြင် လာအောင် အခါခါ ရှုကြည့်ကြပါတော့။

WWW.DHAMMARANSI.COM



## ၂၁။ သမုဟာဃန သန္တတိဃနတို့ လျှည့်ပတ်နေကြပုံ။

တနည်း ရုပ်တရားတို့၏ သမူဟာဃန သန္တတိဃနတို့ ဖြစ်ပျက် ဆက်လက် လှည့်ပတ်နေကြပုံတို့ကို "ဒီပဇာလာဝိယ နဒီသောတောဝိယ ခဏေ ခဏေသမုဋ္ဌါပေတိ"။

ဒီပဇာလာဝိယ၊ ဆီမီးလျှံကဲ့သို့ရှင်း။ နဒီသောတောဝိယ၊ မြစ်ရေအယဉ်ကဲ့သို့ရှင်း။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ သမုဋ္ဌါပေတိ၊ ဖြစ်စေ၏။

ဟု ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇ ရုပ်တို့သည် ခဏတိုင်း ခဏတိုင်း ဆီမီးလျှံတို့ မြစ်ရေအယဉ်တို့ အဆက်မပြတ် တစပ်တည်း ဖြစ်ပျက်နေကြတာလို ဖြစ်ကြကုန်၏ ဟု အဋ္ဌကထာ ဆရာကြီးများ မိန့်ကြားတိုင်း သိရှိအပ်၏။

## ဆီမီးတောက်ကို စေ့စေ့ကြည့်၍ သိရှိရပုံ။

ဆီမီးတောက် ပုံသဏ္ဌာန်ကား သမူဟာဃနတည်း။ ဤဃန အတွင်းရှိ တရွရွ ဖြစ်ပျက်နေကြသော မီးကလာပ်မှုန့်တို့ကား ကလာပတည်း။ ဤကလာပ်တို့ ဝစ္စုပ္ပန်ကာလ ဥဒယ ဝယ အဖြစ်ဖြင့် သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြ၏။ ထိုသို့ ပျက်နေကြသော်တည်း အကြောင်း ပစ္စယ ဥဒယ ဝယ တည်းဟူသော ဆီနှင့် မီးစာတို့ ရှိနေကြသောကြောင့် နောက်ဆက် မီးတောက်အစဉ်သန္တတိ မပြတ်ဘဲ မီးတောက် တခုတည်း ထင်မြင်နေကြသော်လည်း ဤမီးနှင့် စပ်၍ ဝိပဿနာ ရှုသူတို့ကား ဤဆီမီးတောက်တို့ ကြွရွလှုပ်ရှား အမှုအရာစုတို့ အသစ်အသစ် ပြောင်းတိုင်း အဟောင်း ကလာပ်တို့ အကုန်လုံး

WWW.DHAMMARANSI.COM



ပျက်ပျောက် အနိစ္စရောက်ရောက်သွားသည်ကို မျက်မြင်ဉာဏ်တွေ့ သိရှိကြရသလို တကမ္ဘာလုံး၌ ပစ္စုပ္ပန် ကာလတူ ဖြစ်ဖြစ်နေကြသော ရုပ်ကလာပ်တို့ တခုခု ပျက်ကြသည်နှင့်အတူ တကမ္ဘာလုံးတို့ အပျက် ရှုကြည့်ရန် ရှေ့က ပြဆိုခဲ့တိုင်း မိမိကိုယ်ကို ယိမ်းရိုင်ဖြစ်ပျက်နှင့်ဖြစ်စေ ရှုံ့ပျက် ပွပျက်နှင့် ဖြစ်စေ ခြေလှမ်းဖြစ်ပျက်နှင့် ဖြစ်စေ တွဲဖက်၍ ရှုကြပါလေ ယောဂီမြတ်တွေ့တို့။

## ၂၂။ အသံဖြစ်ပျက်နှင့် တွဲဖက်၍ ရှုရပုံ။

နေ့ရော ညဥ့်ပါ အခါခါမလတ် တကြစ်ကြစ် တကျက်ကျက် မည်နေသော အသံတွေ စက်သံ ကားသံ ရထားသံ စသည်တို့၏ မည်၍ ဖြစ်ပျက်လိုက် နေကြသော အသံပျက်တို့နှင့် ဖြစ်စေ ဆက်စပ်၍ ဝိပဿနာ အလုပ် ရှုကြည့်အားထုတ်ကြပါက ပစ္စုပ္ပန် ကာလတူ တကမ္ဘာလုံး ပျက်တို့ကိုလည်း၊ သက်သက် သာသာ ထင်မြင်နိုင်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်အောင် မကြာမကြာ အခါခါ အားသစ်ကြပါလေ ယောဂီတွေ့တို့။

## ၂၃။ နဒီသောတောပီယဖြင့် ရှုကြည့်ရပုံ။

တနည်း မြစ်ရေ စီးဆင်းသွားနေသည်ကို စေ့စေ့ကြည့်၍ ဝိပဿနာ၌ သိရှိရပုံမှာ ဤမြစ်ကြီး တစင်းလုံး အထက်အောက် စီးဆင်းနေကြသော ရေအပေါင်း အစုတို့ကား သမူဟဃနတည်း။ ဤဃနအတွင်းရှိ တရွရွဖြစ်ပျက် စီးဆင်းနေကြသော ရေကလာပ်မှုန့်တို့ကား ကလာပတည်း။ ဤကလာပတို့ ပစ္စုပ္ပန် ကာလတူ ဥဒယနှင့် ဝယအဖြစ်ဖြင့် သဘောမျှ သက်သက်

WWW.DHAMMARANSI.COM



ဖြစ်ပျက်လိုက်နေကြသော်လည်း အကြောင်း ပစ္စယ ဉဒယ ဝယ တည်းဟူသော မြစ်ညာက အဆက်မပြတ် စီးဆင်း၍ ကြနေသောကြောင့် ရေအစဉ် သန္တတိ ဃနတို့ မပြတ်ကြဘဲ ရေစီးတဆက်တည်း ထင်မြင်ကြရ၏။ ထိုသို့ပင်ထင်မြင်ရသော်လည်း ဤရေနှင့်တကွ တကမ္ဘာလုံးကို ဝိပဿနာရှုသူတို့ကား ဤရေတို့ တလှုပ်လှုပ် တရွရွ စီးဆင်းနေကြသော အမှုအရာ အသစ်အသစ်တို့ ပြောင်းတိုင်း ပြောင်းတိုင်းတို့မှာ မြစ်ကြီး တစင်းလုံး ရေစီးဆင်းနေကြသော ကလာပ် အမှုအရာဟောင်းတို့ အကုန်လုံး ပျက်ပျောက် အနိစ္စ ရောက်ရောက်သွားကြသည်ကိုလည်း မျက်မြင်ဉာဏ်တွေ့ သိရှိကြရ၏။ ။ထိုမှတပါး တကမ္ဘာလုံးရှိ ပစ္စုပ္ပန်ကာလတွ ဖြစ်ပျက်နေကြသော ရုပ်နာမ် ကလာပ တို့တွင်လည်း မိမိတို့အတွင်းအပ တခုခုသော ကလာပ်တို့၏ အပျက်တို့နှင့် ဆက်စပ်၍ တမ္ဘာလုံးတို့ကို ဝိပဿနာ ဆိမ်းတောက်က ပြခဲ့သည့်အတိုင်း ရှုကြည့်ပွားများကြပါလေ။

## ၂၄။ အဝိဇ္ဇာဏကာရုပ်တို့ ပစ္စယ ဉဒယ ဝယ ဖြစ်ပုံ။

ဤအဋ္ဌကထာ ပြအပ်သော ရုပ်ဖြစ်ကြောင်း ၅ ပါး တို့မှ တပါး စိတ်နှင့် ဉတုတို့အကြောင်းကိုပါ ယူရန်၊

တသ္မိံပန ဂဟိတေ ပဝတ္တိ ပစ္စယတာ သာမညေန ဉတုစိတ္တာနိပိ ဘာဝိတမေဝ ါတိ ဒဋ္ဌဗ္ဗံ ။ ။

ပန၊ အလျော်ကိုဆိုဦးအံ့။ တသ္မိံ၊ အာဟာရဇရုပ်ကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ ပဝတ္တိ ပစ္စယတာ သာမညေန၊ ပဝတ္တိအကြောင်းကို သာမညအားဖြင့်။ ဉတုစိတ္တာနိပိ၊ ဉတုဇ

WWW.DHAMMARANSI.COM



စိတ္တဇ ရုပ်တို့ကိုလည်း။ ဘာဝိတမေဝ၊ ယူအပ်သည်သာလျှင်တည်း။ ဉာတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဟု-

မဟာဋီကာ မိန့်မှာတိုင်း အဝိညာဏက သစ်ပင် တောတောင် စသည်တို့၌လည်း ရေ-မြေ-ဥတု စသော ပစ္စယ ဥဒယဝယတို့က အကြောင်း ပစ္စယ အားကြီးကြမှု တိုးတက်လာသည်ကို၎င်း ထင်မြင်ရ၏။ ရှေ့ကရှိတိုင်း အကြောင်း ပစ္စယတို့တူမျှကြပါမူ မပျက်ဘဲ ရှေးကတိုင်းပင် ရှိနေသည်ဟူ၍၎င်း ထင်မြင်ရ၏။ ရှေးကတိုင်းပင် အောက်အကြောင်း ပစ္စယတို့က ဆုတ်ယုတ်သွားကြပါမူ ရှေးကအောက် သေးငယ်သွားသည် ဟူ၍၎င်း။ ထင်မြင် နေရခြင်းတို့ကား ပစ္စယ အကြောင်းဆက်တို့ကြောင့် ပျက်ပျက်ချက် မထင်မြင်နိုင်ကြရဘဲ တဆက်တည်းတည်ရှိနေသည်ဟု ထင်မြင်ရခြင်းတို့ကား။ ရှေးအမူအရာနှင့် အတူ မပျက်လို့ မဟုတ်။ နောက် ဥတုပစ္စယ အဆက် ပစ္စုပ္ပန်တို့ကိုသာ ထင်မြင်နိုင်ကြရပါတကားဟု (ဥဒယ ဝယ) ရှုရှင်း ဉာဏ်အမြင် လင်းနိုင်ကြကုန်ရာ၏။ လင်းအောင် ကြံဆောင်ရှုကြည့်ကြပါလေ။

ရှေ့ဆီမီးလျှံ မြစ်ရေ အယဉ်တို့က ပြခဲ့တိုင်း ပစ္စုပ္ပန် အဇ္ဈတ္တ အတွင်းပျက် ဗဟိဒ္ဓပျက် တခုခုတို့နှင့် တွဲဖက်၍ အတူတကွ ပျက်ပျက် လိုက်နေကြမှုကို အဝိညာဏကတို့မှာ ဝိပဿနာရှုက အလွယ်နှင့် အဝိညာဏက ကလာပတို့ ပျက်ချက် အနိစ္စတို့ကို ထင်မြင်နိုင်ကြပေလိမ့်မည်တည်း။ ဝါ၊ ထင်မြင်နေအောင် မကြာမကြာ အခါခါ ရှုကြလေ။ ။ဤအဝိညာဏက အကောင်

WWW.DHAMMARANSI.COM



အထည် ဝတ္ထုတို့ ဥတုပစ္စယ အကြောင်းတခုတည်းသာ ရှိကြသော်လည်း ရေ-မြေ လေ-ကလာပ်တို့မှာပါသည့် ဥတုပစ္စယနှင့်တကွ ထိုထိုဝတ္ထုအတွင်းရှိ ကလာပ်တိုင်းတို့မှာပါသည့် ဥတုပစ္စယတို့ကပါ အကြောင်းဆက်နေသောကြောင့် ပျောက်ပျက်ချက် မထင်မြင်ရဘဲ တဆက်တည်း တည်နေသည်ဟု ထင်မြင်နေရသော ရှေ့ရှေ့က မျက်စေ့လည်ခြင်းနှင့် ယယ်မှတ်ခြင်းများကို ပယ်ရှား၍ ထိုထို မိမိတို့အတွင်း အပ အမှုအရာပျက် တခုခုတို့နှင့် အတွဲလိုက် အတွဲလိုက် ပစ္စုပ္ပန် ရုပ်နာမ်တို့ ပျက်ပျက်လိုက်နေကြ၏ဟု အတည်ကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။ ။

ဤကမ္ဘာပေါ်ရှိ အကောင်အထည်တို့မှာကား အဋ္ဌမမ္ဘတို့၏ (သမူဟဃန)နှင့် ရှေ့နောက် ဆက်လက်နေကြသော (သန္တတိဃန)တို့ ဆက်လက်နေကြသောကြောင့် ဤ အကောင်အထည်ကြီး အမြဲတည်နေကြသည်ဥ (ပွားသိ)အရဖြင့် ဃနနှင့်ကလာပခွဲ၍ ရှုကြည့်က (ကလာပ)တွင် (ဃန)ဝင်သည်ကို တွေ့မြင်နိုင်၏။ ထိုးထွင်းသိအရဖြင့် ထိုထို ကလာပတို့သည် (သဘောမျှ သက်သက် ပျက်ပျက်)လိုက်နေကြသည်ကို ရှုကြည့်က (သန္တတိဃန)နှင့် ဆက်လက်၍ ဖြစ်နေကြသည်ကို တွေ့မြင်နိုင်၏။ ။ ဤဃန ၂-ရပ်တို့ လွှည့်ပတ်နေမှုကို မျက်မြင် ဥဏာက်တွေ့ ဖြစ်ကြအောင် သဲမှုတ်ပေါက်က သဲချောင်း ချ၍ပြပါမူ သဲမှုန့် အဆင့်အဆင့် ဇာတ်သိမ်း၍ ကျကျသွားသော်လည်း နောက်ဆက် သဲ(သန္တတိ) ဃနတို့က တဆက်တည်း ဇာတ်ထွက်၍ ဆက်ဆက်နေကြသောကြောင့် အပျက် အပြတ်တို့ကို မထင်မြင်ကြတော့ဘဲ သဲမှုတ်ထဲက ထွက်ကျရန် သဲမှုန့်တို့ ရှိနေသည့် သဲပစ္စယကြောင့် တနေ့လုံး တရက်လုံး တဆက်တည်း ကျနေကြသည်ဟု သာမန်

WWW.DHAMMARANSI.COM



ကြည့်သူတို့ နောက်အသစ် ကျကျ လာကြသည့် ပစ္စုပ္ပန်သဲ အဆင်းကိုသာ မြင်နေကြရ၏။ ထိုသို့ပင် ထင်မြင်ကြသော်လည်း ထိုကဲ့သို့ စေ့စေ့ ကြည့်သူတို့မှာကား တဆက်တည်း မဟုတ် နောက်ထပ် ထပ်ကျသည့် သဲ (သန္တတိဃန)ကိုသာ ထင်မြင်ကြသည်ကို ရှေ့ကကျသောသဲတို့မပျက်သောကြောင့်သာ တဆက်တည်း ထင်မြင်နေကြတာမဟုတ်ဟု ဉာဏ်မှာ ထင်မြင်ရတာလို တကမ္ဘာလုံး ရှိရှိသမျှ သဝိညာဏက အဝိညာဏ ဃန ပညတ်တို့မှာလည်း နောက်ဆက် (သန္တတိဃန) တို့ကို မြင်ရသောကြောင့်သာမပျက်ဟု ထင်နေကြရပါကလားဟု အားလုံး ရှိရှိသမျှ (ဃန)များတို့ကို ဖယ်ရှား နိုင်ကြ ပေလိမ့်မည်သတည်း။

ဝါ။ ဖယ်ရှားနိုင်အောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

## အောင်ပုဒ်လင်္ကာ

ဖြစ်ပွားပျက်မှု၊ အစုံရှု၊ ဉဒယဗ္ဗယ ဉာဏ်။ ။

အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင် ဉာဏ်။ ။

(ဆဋ္ဌမရက် ဟောစဉ် ကျင့်စဉ် ပြီး၏။)

WWW.DHAMMARANSI.COM



# သတ္တမရက်

# ဝိပဿနာ အလုပ်ပေး ကျင့်စဉ် ဟောစဉ်

## ၂၅။ ဘင်္ဂဉာဏ် ရှုရန်အချက်

ဤ ဘင်္ဂဉာဏ် ဆိုသည်ကား ထိုထို ရုပ်နာမ်တို့၏ အဖြစ်ကို မရှုဘဲ အပျက်ကိုသာ ရှုသောဉာဏ်ကို ဆို၏။ ရှေ့သမ္မသန ဉာဏ်မှာ ခြေတလှမ်း၌ တခါစီ ပျက်ကို ရှုရ၏။ ဥဒယဗ္ဗယ ဉာဏ်မှာ ခြေတလှမ်းစီတို့၏ အစနှင့် အဆုံးတို့ ဝါ၊ အဖြစ်နှင့် အပျက်တို့ကို ရှုရ၏။ ဤဘင်္ဂဉာဏ်ကား ရှေ့ ထိုးထွင်းသိ (ဒိဋ္ဌိဝိသုဒ္ဓိ)က သက်ရှိ သက်မဲ့ အားလုံးတို့မှာ ဃန ကလာပတို့ သည် သဘောမျှသက်သက် ခုတ်မီးလောင်၍ အလွန် အပျက် မြန်လှသည့်ဘက်ကိုသာ ထင်မြင်လာနိုင်ကြအောင် ပြခဲ့ အား ထုတ်ခဲ့သောကြောင့် ဥဒယဗ္ဗယဉာဏ်တွင် အဖြစ်ကို မမြင်တော့ ပဲ ပျက်ပျက် လိုက်နေသော ဘင်္ဂဉာဏ်ဘက်သို့သာ တက်တက် သွားတော့၏ဟု သိအပ်၏ ယောဂီမြတ်တွေတို့။

## ၂၆။ သုံးချက်ပျက်တို့ကိုရှုပုံ

ဤ ဘင်္ဂဉာဏ်အရ ခြေလှမ်းတလှမ်း ၃ ချက်ပျက်တို့ကို ရှုရ ပုံကား ယခု ရပ်လိုသောစိတ်နှင့် ရပ်နေသော မိမိ ရုပ်အစုတို့၏ သဘောမျှ သက်သက် ပျက်လွယ်ချက်တို့ကို ရှေ့ ထိုးထွင်းသိက ပြခဲ့သည့်အတိုင်း ရှုကြည့်၍ အရွေ့အထား မခံနိုင်သည့်အချက် တို့ကို ဉာဏ်ဖြင့် မိမိ ပြူးပြူးကြည့်၍ ခြေလှမ်း တဘက်စီကိုသာ ရှုလိုပါမူ ယခု နှုပ်လာသော ခြေလှမ်းအမူအရာသည် ခြေနှင့်

WWW.DHAMMARANSI.COM



တွဲလျှင် တခါပျက်ရှု ရှေ့သို့ လွန်သွားလျှင် တခါပျက်ရှု အောက်သို့ချလျှင် တခါ ပျက်ရှု မိမိ နှုတ်ကလဲ တွဲပျက် လွန်ပျက် ကျပျက်ဟုဆို၍ စကြံ့န်သွားပါလေ။ ။ဤ သုံးပါးပျက်တို့တွင် ခြေနှုပ်ရာမှ ရှေ့ခြေနှင့် တွဲသည့်အချက်ကိုသာ ရေစိုက်၍ ရှုပါ မထင်နိုင်မူ ရှေ့ခြေလှမ်းကိုရင်း အောက်မြေကိုရင်း ထိ၍ထိ၍ တွဲပျက်ကိုရှုပါ။ ရှေ့သို့ လွန်ပျက်ကိုရင်း မျက်မြင်ဖြင့်ပင် သိနိုင်၏။ ဤရှေ့က ပြခဲ့သည့်အတိုင်း ညာခြေလှမ်းမှာ ၃ ချက်မျက်ကို မကြာခင် ယခု သွားဆဲမှာပင် မြင်နိုင်၏။ ဝါ၊ မြင်အောင်ကြည့်ရှုပါလေ။

ဤသို့ တဘက်မြင်ပြီးမှ ဘယ်ခြေလှမ်း ၃ ချက်မျက် တို့ကိုလဲ ထို့အတိုင်း ရှုကြည့်က မကြာခင် ယခု စကြံ့န်သွားဆဲမှာပင် မြင်အောင်ရှုပါ ဤခြေတလှမ်း ၃ ချက်မျက်တို့ကို ဘယ်ဘက်တလှည့်စီ ညာဘက်တလှည့်စီ ပြောင်း၍ ရှုတိုင်း ထင်မြင်လာမူ ဘယ်ညာ ၂ ဘက်လုံး ခပ်လေးလေး လှမ်း၍ လှမ်း၍ တွဲပျက် လွန်မျက် ကျပျက် ဝါ ကွဲ-လွန်-ကျ ဟု ရှုသွားပါမူ ယခု စစဦး အလုပ်ပြုရင်းပင် ဘယ်ညာ ၂ဘက်လုံး ၃ချက်ပျက်စီ ထင်မြင်နိုင်၏မှတ်ပါလေ။

ဤအပျက်ရှုသည့် ဘင်္ဂဉာဏ် အရကို မိုးရွာဆဲအခါ ထိုထိုရေအပြင်မှာ ရေစည်ပေါင်းတို့ ဖြစ်ပျက် နေကြတာလောက် အမြန်ကို ပြသည်တို့နှင့် ယခု ဘင်္ဂဉာဏ် ၃-ချက် အပျက်တို့နှင့် ကိုက်ညီကြ၏ဟု သိကြပါလေ။ ။

တနည်း သဲချောင်း သန္တတိချ၍ စေ့စေ့ ကြည့်သောအခါ ထိုသဲချောင်းအတွင်းက သဲမှုန့်တို့ အနည်းငယ်စီ ရွေ့ရွေ့သွားသည်ကိုရင်း၊နောက်ဖက်ကလည်း အနည်းငယ်စီ ပျက်ပျက်

WWW.DHAMMARANSI.COM



ပျောက်ပျောက် မရှိမရှိ လိုက်နေသည်ကိုရင်း မျက်မြင်ဉာဏ်တွေ့ သိရှိနိုင်သလို မိမိရုပ်နာမ်စုကြီးတို့ ရှေ့တက်သို့ ရှေ့ရှေ့ တက်သွားသည်ကို မျက်မြင်ပင် သိရ၏။ မိမိ နောက်တက် ကလည်း မရေတွက်နိုင်အောင်ဒလဟောကြီး ပျက်ပျက်ပျောက် ပျောက် မရှိ မရှိ လိုက်နေကြသည်ကိုလည်း ဉာဏ်ဖြင့် သိမြင် နိုင်ကြပါ၏။ ဝါ၊သဲချောင်း ပျက်သည့်အတူ ထင်မြင်နိုင်အောင် အခါခါ ရှုကြပါလေ အများပျက်ကို သိလိုသူယောဂီတွေတို့။

ဤဘင်္ဂဉာဏ်၊ အသွားကျ ထင်မြင်နေရပုံကား ထိုထိုသွား လာလုပ်ကိုင်သော အမူအရာတိုင်းတို့မှာ ရှေ့က ခြေလှမ်း တလှမ်းမှာ အကျော် အခံ ၂ တန် တွေ့ပျက်တို့ကို ရှုသော နာမ်နှင့်တကွ တပြိုင်နက်အပျက်တို့ကို မြင်ရတာလို ယခု အမြန် ပျက်တို့မှာလည်း ဗဟိဒ္ဓ အာရုံပျက်တို့ကိုပါ တွဲ၍ တွဲ၍ ရှုသော နာမ်နှင့်တကွ ၂ တန် ပျက်တို့ကို ထင်မြင်၍ ထင်မြင်၍ ရှုနိုင် ပါမှ ဘင်္ဂဉာဏ် အသွားကျပြီ ပိုင်ပြီဟု မှတ်ကြပါလေ။ ပိုင်နိုင်အောင်လည်း အားသစ်ကြပါလေ။ ကြွင်း ဣရိယာပုထ် ၃-ပါးတို့ကား ထွက်သက်ဝင်သက် အမူအရာတို့နှင့် အမြန်ပျက် သင်အောင် ရှုကြပါလေ ယောဂီမြတ်တွေတို့။

ဤ ၂ တန်ပျက် ဘင်္ဂဉာဏ်ကို ဣရိယာ ပုတ်တိုင်းတို့မှာ ရှုကြည့်တိုင်း ထင်မြင်လာလျှင် သက်ရှိသက်မဲ့ အလုံးစုံသော ရုပ်နာမ်တို့၌ ဘေးကြီးတွေ အပြစ်ကြီးတွေ ငြီးငွေ့ဘွယ်ကြီးတွေ အမြန် ကျွတ်လွတ်ဘွယ်ကြီးတွေ အလိုလို တိုးတက်မြင်လာရာမှ အထက်အထက် ဉာဏ်ကြီးတွေ့ဘက်သို့ ကူးတက်၍ သွားနိုင် ကြ၏။ ဤသို့မှကူး တက်မသွားပါမူ ဘယဉာဏ် စသည်ဖြစ် အောင် အားထုတ်ကြရ၏ ဟု သိကြပါလေယောဂီမြတ်တွေတို့။

ဘင်္ဂဉာဏ်ပြီး၏။

WWW.DHAMMARANSI.COM



# အဌမရက်
# ဝိပဿနာအလုပ်ပေး ကျင့်စဉ်ဟောစဉ်။

## ၂၆။ ဘယဉာဏ်၌ သတိပြုရန်။

ဤဘယဉာဏ်၌ ဒုက္ခဘေးတို့ ၂ မျိုးရှိကြောင်းကို

ဒုက္ခသစ္စံ ဒုက္ခန္တိ ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ထပေတွာ အဝသေသံ ဒုက္ခသစ္စံ၊ န ဒုက္ခံ။ ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဉ္စေဝ ဒုက္ခသစ္စဉ္စ။

ဒုက္ခသစ္စံ၊ဒုက္ခသစ္စာ မည်၏။ ဒုက္ခံ၊မည်သလော။ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။သတိ၊ရှိသော်။ ကာယိကံ ဒုက္ခံ၊ ကိုယ်၌ဖြစ်သော။ဒုက္ခဝေဒနာ၊ဆင်းရဲကိုရင်း။ စေတသိကံ ဒုက္ခံ၊ စိတ်၌ဖြစ်သော ဒေါမနဿ ဝေဒနာ ဆင်းရဲကိုရင်း။ ထပေတွာ၊ တဖျာနှင့်တကွ ပယ်ထား၍။အဝသေသံ၊ကြွင်းသောဘုံ ၃ပါး၌ ဖြစ်သော ရှိရှိသမျှသော ရုပ်နာမ်တရားသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ နဒုက္ခံ၊ ကျင်နာခံခက်သော ဒုက္ခမဟုတ်။ ကာယိကံ ဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲသည်ရင်း၊ စေတသိကံ၊ ဒုက္ခံ။စိတ်၌ဖြစ်သော ဆင်းရဲသည်ရင်း။ ဒုက္ခဉ္စေဝ၊ ဒုက္ခလည်း မည်၏။ ဒုက္ခသစ္စဉ္စ၊ ဒုက္ခသစ္စာလည်း မည်၏။ ။ဟု-

သစ္စယမိုက် ပါဠိတော်မှာ ဘုရား ဟောတော်မူတိုင်း ကာယိက ဒုက္ခဘေး စေတသိက ဒုက္ခဘေးတို့သည် (မသာယာ အပ်ခြင်း လက္ခဏာ) ရှိသော ဒုက္ခမည်၏။ ဤဒုက္ခ ၂ မျိုးတို့နှင့်

WWW.DHAMMARANSI.COM



တဏှာကြည့်သော ဘုံ ၃ ပါး၌ဖြစ်သော ရုပ်နာမ်အပေါင်းတို့သည် ဒုက္ခသစ္စာမည်၏။ ကျင်နာခံခက်သော ဒုက္ခမဟုတ်ဟု သိအပ်၏။ ။ဤသို့ ဒုက္ခမဟုတ်ခဲ့လျှင် အဘယ်သို့လျှင် ဒုက္ခသစ္စာ အစစ်မည်ပါသနည်း။

ဤဒုက္ခသစ္စာ၌ပါသော ဒုက္ခနှင့် ဒုက္ခဝိပဿနာ၌ပါသော ဒုက္ခတို့သည် မငြိမ်းတဲ့သဘော တားမကောင်းတဲ့သဘော မအေးချမ်းတဲ့သဘော လက္ခဏာ ရှိသောကြောင့် ဒုက္ခသစ္စာသာ မည်၏။ ဤဒုက္ခသစ္စာ တရားတမျိုးနှင့် ရှေ့က ကာယိက စေတသိက ဒုက္ခတရားတို့ပါ ၂ မျိုးရှိရာတွင် ကာယိကဒုက္ခ စေတသိက ဒုက္ခတို့ကား ဒုက္ခလည်းမည်၏။ ဒုက္ခသစ္စာလည်း မည်၏ ဟု ဤယခုက် ပါဠိတော်အတိုင်း သိရသဖြင့် အချို့သော အယူဝါဒမှာ ဒုက္ခ ဝိပဿနာ ထင်လာမှုကိုယ်မှာလည်း မခံမရပ်နိုင်အောင်နာကျင်ကိုက်ခဲသည့် ကာယိကဒုက္ခ ဖြစ်လာသည် ဟူ၍၎င်း ဒုက္ခပဋိပဒါ ဒန္ဓာဘိညာလည်း ဖြစ်လာသည် ဟူ၍၎င်း ထင်မှတ်ပြောဟောကြခြင်းကို လေးလေးနက်နက်ကြီး စဉ်းစားကြလေ။ ဖြစ်ဆဲဒုက္ခကို ဝိပဿနာရှုမှုကား ဝေဒယိတ ဒုက္ခသည်ပင်လျှင် ဒုက္ခဝိပဿနာ ဖြစ်နိုင်ပါ၏ဟူ၍ မှတ်ကြပါလေ သူတော်ကောင်းတွေတို့။

## ၂၇။ ဘယဉာဏ်ရှုရန်

ဤအထက်ကဖော်ပြခဲ့သော ကာယိက ဒုက္ခ စေတသိက ဒုက္ခနှင့်တကွ ဘုံ ၃ ပါး၌ဖြစ်သော သက်ရှိသက်မဲ့ ရုပ်နာမ်တို့သည် ဝိပဿနာဉာဏ်မှာ၊ ထင်လာကြသည့်အတိုင်း ခဏမစဲ

WWW.DHAMMARANSI.COM



အမြဲပျက်ပျက်နေကြသည့် ဘေးကြီးတို့ သင့်နေကြ သည်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ ရှေ့က အစုံပျက်ကြသည့် အင်္ဂ ဉာဏ်မှာ စိတ်စိုက်ပါ၍

သဗ္ဗေ သင်္ခါရာ ဘယာ။ ။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် သင်္ခါရ ကလာပ တရားတို့သည်။ ဘယာ၊ ဘေးကြီးတွေ သင့်သင့် နေတဲ့ဒုက္ခ။ ဘေးကြီးတွေ သင့်သင့်နေတဲ့ ဒုက္ခဟု စကြိန် စသည်ဖြင့် မကြာမကြာ အခါခါ ထင်မြင်အောင် ရှုကြ ပါလေ။

ရှေ့က ရုပ်နာမ်တို့ကို ကလာပနှင့် ရှုကြည့်လာသည့်အတိုင်း သဘောမျှသက်သက် ပျက်ပျက်နေကြသော ကလာပတို့ကို ထင်မြင်အောင် သဗ္ဗေသင်္ခါရာအနက်၌ ရုပ်နာမ်သင်္ခါရ ကလာပ ဥ ါဘောမျှသက်သက် ပျက်ပျက် လိုက်နာနေကြသော တရား တို့သည် ဟု အနက်ကို သိစေလိုက်၏။

ဤဉာဏ် စသည်တို့၌ ရုပ်နာမ်တို့သည် အကြောင်း သင်္ခါရ တို့ကြောင့် ဖြစ် ကြသောကြောင့် (သဗ္ဗေ ရူပဓမ္မာ နာမဓမ္မာ ဘယာ)ဟု မပြဘဲ သိမှတ်လွယ်စေခြင်း အကျိုးငှာ "သဗ္ဗေ သင်္ခါရာ ဘယာ"ဟူ၍ သာ ပြအပ်ပါသတည်း။

(ဘယဉ ာဏ်ပြီး၏။)

WWW.DHAMMARANSI.COM



## ၂၀။ အာဒီနဝဉာဏ်ရှုရန်

သံသရာ ကမ္ဘာအသင်္ချေတို့က မိုက်မှားပြီးသော ကံဟောင်း အစားစားတို့က အကျုံမြှုပ် ဒြပ်ထား၍ မိမိတို့ကို ဝိုင်းအုံကြမှု စကြာဝဠာ တသိန်းမက ဝိုင်းအုံ၍ နှက်ရန် ရှိကြမည်ကိုသိ၍ရှင်း ရှေ့သို့ မိုက်ခွင့်ရှိသမျှ မိုက်ကြမည်ကိုမဆိုထားနှင့်ဦး မကောင်း သည့်ဘက်သို့ မထွက်ရအောင် အစဉ်ဩဝါဒ်ပြု၍ ဘုရား ရှိခိုးရာမှာ တောင် တရိုးကန်တည်း တရိုးကန်၍ ထွက်နေ ကြထားများကို စမ်းကြည့်သူတို့ သိရှိကြရသောကြောင့် အခွင့်ရှိသမျှ မိုက်မှား ကြမည်ဟု ဒုစရိုက်ကံသစ် အသင်္ချေဘေးကြီးတွေ တို့ကလည်း ရှေ့ကဆီးနေကြမည်ဖြစ်လတံ့။ မိမိ အပြစ်ကြီးတွေ တို့ကိုရှင်း ဉာဏ်ဖြင့် ကြည့်၍ သိ၍ ရှေ့ကနာမ်နှင့်တကွ အစုံပျက် ရှုသည့် ဘင်္ဂဉာဏ်မှာ စိတ်စိုက်ပါ၍

သဗ္ဗေ သင်္ခါရာ အာဒီနဝါ။ ။

သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောများသက်သက် ပျက်ပျက် လိုက်နေကြသော တရားတို့ သည်။ အာဒီနဝါ၊ အပြစ်ကြီးတွေ သင့်သင့်နေတဲ့ ဒုက္ခ"ဟု စကြိုန် စသည်တို့ဖြင့် မကြာမကြာအခါခါထင်မြင်အောင် ရှုကြ ပါလေ ယောဂီမြတ်တွေတို့။ ။

(အာဒီနဝဉာဏ် ပြီး၏။)

## ၂၆။ နိဗ္ဗိန္ဒဉာဏ်ရှုရန်

ရှေ့ဉာဏ် ၂ ပါးတို့ကို ထင်ရှားစွာ ထင်မြင်သူတို့သည် ဘုံ ၃ ပါးတို့၌ ပျင်းမုန်း ငြီးငွေ့ မပျော်မွေ့ခြင်းကို ဖြစ်လာ

WWW.DHAMMARANSI.COM



နိုင်၏။ ဤသို့ ဖြစ်သည်ကို ဉာဏ်နှင့်မိမိ ပြုးပြုးကြည့်ပြီး ရှေ့က နာမ်နှင့်တကွ အစုံပျက် ရှုသည့်ဘင်္ဂဉာဏ်မှာ စိတ်စိုက်ပါ၍။

သဗ္ဗေ သင်္ခါရာ နိဗ္ဗိန္ဒာ။ ။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် သင်္ခါရ ကလာပ သဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော တရားတို့သည်။ နိဗ္ဗိန္ဒာ၊ အလွန်ပျင်းဘွယ် ကောင်းတဲ့ ဒုက္ခ အလွန်ပျင်းဘွယ်ကောင်းတဲ့ဒုက္ခ။ ဝါ၊ အလွန်မုန်းဘွယ်ကောင်းတဲ့ ဒုက္ခ။ ဝါ အလွန်ငြီးငွေ့ဘွယ်ကောင်းတဲ့ ဒုက္ခ။ ဝါ၊ အလွန် မပျော်ဘွယ်ကောင်းတဲ့ ဒုက္ခ ဟု စင်္ကြံန်စသည်ဖြင့် မကြာမကြာ အခါခါ ထင်မြင်အောင် ရှုကြပါလေ။ ။

(နိဗ္ဗိန္ဒဉာဏ်ပြီး၏။

## ၃၀၊ မုဉ္စိတုကမျတာဉာဏ်ရှုရန်။

ဤနိဗ္ဗိန္ဒဉာဏ်ဖြစ်ကလည်း ထိုထိုလုံ ၃ ပါးကြီးတို့ အမြန် လွတ်လိုသော မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်လာနိုင်၏။ ဤမှာလည်း ဘင်္ဂဉာဏ်မှာ စိတ်စိုက်ပါ၍။

သဗ္ဗေသင်္ခါရာ မုဉ္စိတုကမျတာ။ ။

သဗ္ဗေသင်္ခါရာ။ အလုံးစုံ ရှိရှိသမျှသော ရုပ် နာမ်သင်္ခါရ ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော တရားတို့သည်။ မုဉ္စိတုကမျတာ။ အမြန် ကျွတ်လွတ်ဘွယ် ကောင်းတဲ့ ဒုက္ခ အမြန် ကျွတ်လွတ်ဘွယ်ကောင်းတဲ့ ဒုက္ခ ဟု စင်္ကြန်စသည်တို့ဖြင့် မကြာမကြာ အခါခါ ထင်မြင်အောင် ရှုကြပါလေ။

( အဋ္ဌမရက် ဟောစဉ် ကျင့်စဉ်ပြီး၏။ )

WWW.DHAMMARANSI.COM



# နဝမရက်

# ဝိပဿနာအလုပ်ပေး ကျင့်စဉ်ဟောစဉ်။

## ၃၁။ အတ္တ အနတ္တ ခွဲပြချက်။

ရှေ့ပြခဲ့သော ဘယ အာဒီနဝ နိဗ္ဗိန္ဒ မုဉ္စိတုကမျတာ ဉာဏ်တို့ ထက်သန်ကြ၍ ဤဘုံ ၃ ပါးကြီးမှ အမြန် ကျွတ်လွတ်ရန် (၆၂)ပါးသော ဝိပဿနာ ဉာဏ်တို့ဖြင့် တဖန်ပြန်၍ အားထုတ်သော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်ဆိုအပ်၏။

## ပဋိသင်္ခါဉာဏ်။

ဤဉာဏ်တို့ကို ပြရခြင်း၏ အလိုကို ထင်ရှားအောင် ပြဆိုဦးအံ့။ ပုထုဇဉ် ရှိရှိသမျှတို့သည် ရုပ်နာမ် ခန္ဓာ ကလာပတို့ဌ်ရင်း ထိုမှ အလွှတ်ဌ်ရင်း အနှစ်သာရ အတ္တဟု ယူကြ၏။ ဝါ။ ငါ သူတပါး ယောကျ်ား မိန်းမ ဿနအတ္တဟူ၍လည်း ယူကြ၏။ ထိုသို့ စွဲမြဲယူဆချက်ကို အတ္တဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိဟု ဆိုအပ်၏။ ဤအတ္တကို မြန်မာဘာသာအားဖြင့် ထာဝရဘုရား အသက်ဝိညာဉ် လိပ်ပြာ ငါ ဟူ၍ရင်း ခေါ်ဆိုကြ၏။ ဤခေါ်ဆိုအပ်သော မိစ္ဆာဝါဒီတို့ ကြံဆသည့် အတ္တကို မြတ်စွာဘုရားက နမြစ်၍ အနတ္တဟု ဟောတော်မူ၏။ ဤ**အနတ္တ**ပုဒ်၏ ဝိဂ္ဂြိုဟ်ကို

**နအတ္တာ-အနတ္တာ။** ။

ဟု ဆို၍ **ဤ**အတ္တပုဒ်၏ အနက်ကိုလည်း အဋ္ဌကထာများက

**အတ္တာတိ သာရော။** ။

WWW.DHAMMARANSI.COM



ဟု ဖွင့်ဆိုသည့်အတိုင်း။

အတ္တာ၊ အနှစ်သာရအတ္တ ဃနအတ္တသည်။ နမဟုတ်။ ။ဟု ဘာသာပြန်၍ ဤသာရအတ္တ ဃနအတ္တ ၂ ပါး တို့တွင် မိစ္ဆာဝါဒီတို့ ယူဆသော အနှစ်သာရ အတ္တ အရကို။

အတ္တာ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော။

အတ္တာ၊ မိစ္ဆာဝါဒီတို့ ယူဆသော အနှစ်သာရအတ္တသည်။ နိစ္စော၊ အခါခပ်သိမ်း မြဲနေနိုင်၏။ ဓုဝေါ၊ ခိုင်မာနေနိုင်၏။ သဿတော၊ ထင်ရှားနေနိုင်၏။ အဝိပရိဏာမဓမ္မော၊မဖောက် မပြန်ဘဲ တည်မြဲနေနိုင်၏။

ဟု ဝိဘင်းနှင့် မူလပဏ္ဏာသ ပါဠိတော်၌ ဘုရားဟောတော်မူ၏။ ဤမိစ္ဆာဝါဒီတို့ ယူဆသော အနှစ်အာရ အတ္တတို့သည် ပရမတ် ပညတ်တို့၌လည်း မရှိ၊ ၎င်းမှ အလွတ်လည်း မရှိသော ကြောင့် ကြံဆကာ မတ္တ ဖြစ်ကုန်၏ ဟု ဟောတော်မူတိုင်း သိကြပါလေ။

တနည်း ဃနအတ္တကို

အတ္တာ သာမိ နိဝါသီ ကာရကော ဝေဒကော သယံဝသီ။

အတ္တာ၊ မိစ္ဆာ ဃနအတ္တသည်။ သာမိ၊ဤလောကကို အစိုး ရသောသူတည်း။ နိဝါသီ၊ အမြဲတည်နိုင်သောသူဘည်း။ ကာ ရကော၊အမှုခပ်သိမ်းတို့ကို ပြုလုပ်နိုင်သောသူတည်း။ဝေဒကော၊

WWW.DHAMMARANSI.COM



သုခ ဒုက္ခကိုခံစားနိုင်သောသူတည်း။ သယံ ဝသိ မိမိအလိုသို့ လိုက်စေနိုင်သောသူတည်း။

ဟု မိစ္ဆာဝါဒီတို့ ယူဆသော အတ္တအရကို ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့က ဖွင့်ပြတော်မူ၏။ ဤဃနအတ္တ (၅)ချက်တို့သည် သမုတိ သစ္စာနယ်မှာသာ ရှိနေကြသည့်အတိုင်း မယူကြဘဲ ပရမတ္ထ သစ္စာ သဘာဝယမှာပါ မှား၍ ယူဆသောကြောင့် ပရမတ်မှား သက္ကာယဒိဋ္ဌိဖြစ်၏ဟု သိကြပါလေ။ ဤသို့ ရှေ့ကပြခဲ့သော အနတ္တပုဒ်မှာ ပါသည် အတ္တပုဒ်၏ (သာရ)ဟူသော အနက်အရဖြင့် ရုပ်နာမ် သင်္ခါရကလာပတို့ကို ငါစသည်ဘဲဟု ထင်မြင်နေကြမှု အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြစ်ကြရသလို ရှေ့ကပြခဲ့သော အတ္တာ နိစ္စေါ ဓုဝေါ သဿတောအဝိပရိဏာမဓမ္မောတို့၏ အနက်အရတို့ဖြင့် ရုပ်နာမ်သင်္ခါရ ကလာပတို့ကို ငါမြဲနေနိုင်၏ဟု ထင်မြင်မှု နိစ္စသာရ အတ္တဒိဋ္ဌိဖြစ်၏။ ငါခိုင်မာနေသည် ဟု ထင်မြင်မှု ဓုဝသာရ အတ္တ ဒိဋ္ဌိဖြစ်၏။ ငါ အခါခပ်သိမ်း ထင်ရှားရှိနေနိုင်သည်ဟု ထင်မြင်မှု သဿတ သာရ အတ္တဒိဋ္ဌိဖြစ်၏။ ငါမဖောက်ပြန်နိုင်ဘူးဟု ထင်မြင်မှု အဝိပရိဏာမ သာရအတ္တ ဒိဋ္ဌိဖြစ်၏။

တနည်း အဋ္ဌကထာတို့တွင် ပြသည့် ၅ ချက်အတိုင်း ရုပ်နာမ်သင်္ခါရ ကလာပတို့ကို ငါ အစိုးရသူတည်းဟု ထင်မြင်မှု သာမိဃန အတ္တဒိဋ္ဌိဖြစ်၏။ ငါအမြဲ တည်နေနိုင်သူတည်းဟု ထင်မြင်မှု နိဝါသိဃန အတ္တဒိဋ္ဌိဖြစ်၏၊ ငါပြုလုပ်နေနိုင်သူတည်းဟု ထင်မြင်မှု ကာရက ဃနအတ္တ ဒိဋ္ဌိဖြစ်၏။ ငါ သုခ ဒုက္ခတို့ကို ခံစားနေနိုင်သူတည်းဟု ထင်မြင်မှု ဝေဒကဃန

WWW.DHAMMARANSI.COM



အတ္တဒိဋ္ဌိဖြစ်၏။ ငါ့အလိုကို လိုက်စေနိုင်သူတည်းဟု ထင်မြင်မှု သယံဝသီ ဃန အတ္တဒိဋ္ဌိဖြစ်၏။ ဤအတ္တဒိဋ္ဌိပြ ၆ ဌာန တို့ကို သူတို့ ယူဆသည့်အတိုင်း မဟုတ်မမှန်သည်ကို (နှ) မြစ်၍ ဘုရားကိုယ်တော်တိုင် အနတ္တ လက္ခဏာသုတ်ဖြင့် အနတ္တဟု ဟောပြတော်မူ၏။

## ၃၂။ ပဋိသင်္ခါဉာဏ်ရှုကြည့်ရန်

ဤဉာဏ်ရှုရန်မှာ ဘာဝနာ (၆၂)ပါး ပြသော်လည်း အတိုကြိုက်သူများ ဝန်လေးမည်စိုးသောကြောင့် လိုရင်း ၃ ပါး မျှကိုသာ ပြအပ်ပါသတည်း။

သဗ္ဗေ သင်္ခါရာ အနတ္တာ တုစ္ဆာ သုညာ တို့ပေတည်း။ အနတ္တအနက်ကို ပုဒ်ရင်းဝိဂ္ဂဟ်အရ အနှစ် အတ္တမဟုတ်ဟူသော အနက်နှင့် တိတ္ထိတို့ ကြံဆအပ်သော အတ္တ ၆ ချက်ကို (နှ) ဖြစ်၍ (၁၀)ချက် ပွားရမည်။

ပဋိသင်္ခါဉာဏ် တို့မှာလည်း ရှုကြည့် ပွားများလိုသော အကောင်အထည်တို့၏ (ဃန ကလာပ)တို့ကိုရင်း ထိုးထွင်းသိ

'သဘောမျှသက်သက် ပျက်ပျက်'' လိုက်နေကြသည်တို့
ရှေးဦးစွာ ရှုကြည့်ကြပြီးမှ ထိုအပျက်တို့၌ ဉာဏ်ဖြင့်
ပြူးကြည့်၍ သိ၍ ဆိုင်ရာဉာဏ်တို့ကို ပွားများ အား
ပါလေ ယောဂီမြတ်တွေတို့။

၃ သင်္ခါရာ အနတ္တာ။ ။

၃သင်္ခါရာ။ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ ချသက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ သည်။

WWW.DHAMMARANSI.COM



၁။ အနတ္တာ။ ။အနှစ် အတ္တမဟုတ် အနှစ် အတ္တ မဟုတ်။

၂။ နိစ္စော။ ။မြဲနေနိုင်တဲ့ အနှစ်အတ္တမဟုတ် မြဲနေနိုင်တဲ့ အနှစ်အတ္တ မဟုတ်။

၃။ ဓုဝေါ။ ။ခိုင်မာနေနိုင်တဲ့ အနှစ် အတ္တ မဟုတ် ခိုင်မာနေနိုင်တဲ့ အနှစ်အတ္တမဟုတ်။

၄။ သဿတော။ ။ထင်ရှားရှိနေနိုင်တဲ့ အနှစ်အတ္တ မဟုတ် ထင်ရှားရှိနေနိုင်တဲ့ အနှစ်အတ္တ မဟုတ်။

၅။ အဝိပရိဏာမ ဓမ္မော။ ။မဖောက် ပြန် နိုင် တဲ့ အနှစ်အတ္တမဟုတ်။ မဖောက်ပြန်နိုင်တဲ့ အနှစ် အတ္တမဟုတ်။ မဖောက်ပြန်နိုင်တဲ့ အနှစ် အတ္တ မဟုတ်။

၆။ သာမိ။ ။အစိုးရနိုင်တဲ့ ဃန အနှစ်အတ္တမဟုတ်။ ဃန အနှစ် အတ္တမဟုတ်။

၇။ နိဝါသီ။ ။အမြဲ တည်နေနိုင်တဲ့ ဃနအနှစ် အတ္တ မဟုတ်။ ဃန အနှစ် အတ္တ မဟုတ်။

၈။ ကာရကော။ ။ပြုလုပ်နေနိုင်တဲ့ဃန အနှစ်အတ္တ မဟုတ်။ ဃန အနှစ်အတ္တ မဟုတ်

WWW.DHAMMARANSI.COM



၉။ ဝေဒကော။ ။ခံစားနေနိုင်တဲ့ ဃန အနှစ်အတ္တ မဟုတ် ဃနအနှစ်အတ္တမဟုတ်။

၁၀။ သယံဝသီ။ ။မိမိအလိုသို့ လိုက်စေနိုင်တဲ့အနှစ် အတ္တမဟုတ်ဃနအနှစ်အတ္တ မဟုတ်။ ။ဟု

အနတ္တ လက္ခဏာ ၁၀ ချက် တို့ကို ရှေ့က ပြခဲ့သည့် ပါဠိတော်နှင့်စပ်၍ ပွားများကြပါလေ။ ရှေ့ တင်္ဂဉာဏ်မှာ ပွားခဲ့တိုင်း အကျော်အခံနှင့် တကွ တကမ္ဘာလုံးရှိ ရုပ်နာမ်ခေါ်ကလာပတို့ အပျက်တို့ကိုပါ တွဲဖက်၍ ရှုပါလေ။

သဗ္ဗေသင်္ခါရာ တုစ္ဆာ။

သဗ္ဗေသင်္ခါရာ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပသဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည် တုစ္ဆာ၊အချည်းနှီး၊ ဝါ။ ဘာမျှမဟုတ် ဘာမျှမဖြစ် ဘာမျှအသုံးမကျ ဘာမျှအသုံးမကျ ဟု။ ။တင်္ဂဉာဏ်အတိုင်း တွဲဖက်၍ ရှုကြလေ။

## သဗ္ဗေသင်္ခါရာသုညာ။

သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပသဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည်။သုညာ သုန်းကုန်၏။ သုန်းကုန်၏။ ဝါ။ ချုပ်ပျက်ကုန်ဆုံး သုန်းကုန်၏။ ချုပ်ပျက်ကုန်ဆုံး သုန်းကုန်၏။ ဟု။

WWW.DHAMMARANSI.COM



အကျဉ်းမှတ်သားကြလေ။ ။ဝိသုဒ္ဓိ ကျင့်စဉ်စသည်တို့တွင် အကျယ်ရေးပြထားသည်၊ တို့ကို ကြည့်၍ သိ၍ ပွားများ အားထုတ်ကြပါလေ။ ဟောပြောကြပါလေ။

ပဋိသင်္ခါဉာဏ်ပြီး၏။

## ၃၃။ သင်္ခါရုပေက္ခာဉာဏ် ပွားများရန်။

အမေး။ ။ဘယ်အတွက် ဘာကိုပွားများအားထုတ်ရသနည်း။

အဖြေ။ ။အနုသယဒိဋ္ဌိ ကိလေသာကို ပယ်ရန်အတွက် ဃန ကလာပတို့၌ လျစ်လျူ ရှု၍ ရအောင် ရုပ်နာမ် ကလာပ သင်္ခါရတို့ကို ပွားများ အားထုတ်ကြရပါသည်။

ဤ ဝိပဿနာ ယာနိကနည်းတို့ အစကပင် ပရမတ်တို့ကို သိနည်း ၄ ပါးဖြင့် အဝိဇ္ဇာထကကြကာသလောက သဝိဇ္ဇာထ က သတ္တလောက ရှိသမျှသော အကောင်အထည် ဃနပညတ် တို့ကို ပွားသိအရဖြင့် ခြေမှုန်း၍ (ဃနနှင့် ကလာပ)တို့ကို ခြားနား ဝါ၊ ခြားခြား-နားနားကြီး သိရှိကြပြီးလျှင် ဒိဋ္ဌိ ဝိသုဒ္ဓိ ကင်္ခါဝိတရဏာဝိသုဒ္ဓိ သမ္မသန ဉဒယ-ဝယ ဘင်္ဂ ဘယ အာဒီနဝ နိဗ္ဗိန္ဒ မုဉ္စိတု ပဋိသင်္ခါ ဉာဏ်တို့ ကျအောင် အားထုတ်လာသော ဉာဏ်တို့ကား မနေသဒ္ဒါရ ပရိယုဋ္ဌာန တုံ၌ဖြစ်ကြသော ဒိဋ္ဌိကိလေသာစုနှင့်ကာယ ဝစီဒွါရ ဝီတိက္ကမ

WWW.DHAMMARANSI.COM



ဘုံဌာနတို့မှာဖြစ်ကြသော ဒိဋ္ဌိကိလေသာစုတို့ကိုသာ တဒင်္ဂ ခေတ္တမျှ ပယ်နိုင်ကြ၏။ မိမိ ခန္ဓာအစဉ်တို့မှာ ကိန်းဝပ်နေကြသော အနုသယ ဘုံဌာန၌တည်နေသော ကိလေသာတို့ကိုကား မပယ်နိုင်သေး၍ မပယ်နိုင်ခြင်းအကျိုးငှာ သတ္တဝါ တိုင်းတို့ အလွန့်အလွန်ကြီး စွဲမြဲ မှတ်ထင်လျက် ရှိနေကြသော မိမိ သူတပါး ပိုင်ရှင် ဃန အတ္တနှင့် ဆိုင်ပိုင်သည့် အတ္တနိယ ဃနများကို သမုတိဃန ပညတ်နယ်မှာသာ မယူဆကြဘဲ တကိုယ်လုံး တကောင်လုံး ရှိသမျှ ရုပ်နာမ်ကလာပတို့ကို ဝါ၊ ထိုထို ဝတ္ထု ပိုင်ရှင်ကြီး ဝါ၊ (ဃနအတ္တကြီး)ဟူ၍လည်း ပိုင်ရှင် (အတ္တ) အနေဖြင့် မှားတတ်၏။

တဖန် မိမိတို့ ပိုင်ဆိုင်သော ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်းဟု ဆိုအပ်သော ထိုထို အတ္တနိယ ပညတ် အသီးသီးတို့ကိုလည်း သမုတိ ပညတ်နယ်မှာသာ မယူဆကြဘဲ ထိုထို ပိုင်ထိုက်သည့် ဝတ္ထုအတွင်း ရှိသမျှ ရုပ်နာမ်ကလာပတို့ကိုပါ ထိုထိုပိုင်ရှင်တို့(ပိုင်ဆိုင်ကြတာကြီး) ဝါ၊ ပိုင်ထိုက်သည့် (ဃန အတ္တနိယကြီး)ဟူ၍လည်း (အတ္တနိယ) အနေဖြင့် မှားနေတတ်ကြ၏ ဤသို့ မှားနေတတ်ကြသည်ကို ပယ်ဖျောက်စေလို၍

သဗ္ဗေ သင်္ခါရာ အတ္တေန သုညာ၊ အတ္တ နိယေန သုညာ၊

ဟု ဒွိကောဋိက နည်းအရဖြင့် အားထုတ်အောင် ဟော ပြောကြပါလော့။

WWW.DHAMMARANSI.COM



သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှသက်ဘက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ အတ္တေန၊ ပိုင်ရှင်ဃာန အတ္တကောင်ကြီးမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက်ကုန်ဆုံး သုဉ်းကုန်၏။ ။ အတ္တနိယေန၊ မိမိတို့ ပိုင်ဆိုင်သည့် ဆွေမျိုး အပေါင်း အသင်း အဖော် ဥစ္စာ ပစ္စည်း တစုံတခုတည်းဟူသော အတ္တနိယ ဃာန မှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက်ကုန်ဆုံး သုဉ်းကုန်၏။

မှတ်ချက်။ ။ဒွိကောဋိက စသည်တို့မှာပါသည့် (အတ္တ)တို့ကို ဒိဋ္ဌိဝိသုဒ္ဓိမှာကဲ့သို့ သာမည (သာရအတ္တ–ဃာန အတ္တ)တို့ကို မယူကြဘဲ အတ္တနိယပုဒ်နှင့် တွဲစပ်ကြသောကြောင့် (အတ္တေန - ပိုင်ရှင်အတ္တကောင်ကြီးမှ)ဟု ဝိသေသဖော်၍ အနက်ပေးရ၏။

ဤဥာဏ်တို့မှာ (သုဉ်း၏)ဆိုသောစကားသည် သမုတိဃာန ပညတ်နယ်မှာ မရှိကုန်ဆုံး နေကြသည်ကို မဆိုလိုပါ။ (သဗ္ဗေ သင်္ခါရာ)ဟု ဆိုအပ်သည့်(ပရမတ္ထ သစ္စာနယ်မှာ) အတ္တ–အတ္တ နိယတို့ သုဉ်းနေကြသည်ကိုသာ ဝါ၊ မရှိနေကြ သည်ကိုသာ ပြအပ်ပါသတည်း။

ဤပရမတ္ထ သစ္စာတို့ကလည်း သဘောမျှ သက်သက် အမြဲ ပျက်လိုက်နေကြသောကြောင့် ထိုထို ပရမတ်တို့ ပေါင်းစပ် မိမှ ဖြစ်ပေါ်လာကြသော အကောင်အထည် ပညတ်တို့လည်း ထိုပရမတ်တို့နှင့် တကွနက် ပျက်၍သာ လိုက်နေကြရကုန်၏၊

WWW.DHAMMARANSI.COM



သမ္မုဟာဃန ပညတ်ကောင်ကြီးတို့ ပျက်သော်လည်း တဆက်တည်း ဖြစ်လိုက်နေကြသော နောက်ဖြစ် သန္တတိ ဃနပညတ်တို့အတွက် မပျက်ဟု ထင်နေတတ်ကြရကုန်၏။ သို့ပေမဲ့ သုညတ ဝိပဿနာ ရင့်သန်ပါမူထိုထို အဆက်ပြတ်ခါ ရုပ်နာမ် ကလာပ သင်္ခါရ သက်သက် ပျက်ပျက် လိုက်နေကြသည်တို့နှင့် အတူ ပျက်အတူ ပျောက်အတူ သုန်း သုန်း လိုက်နေကြသည်တို့ကို ထင်မြင် လာကြပေလိမ့်သတည်း။ ဝါ။ ထင်မြင်လာအောင်ရှုကြပါလေ။

## ဤဒွိကောဋ္ဌက အတိုချုပ်ရှုနည်း။

သက္ကာဝါများ စိတ်မှာ စွဲမြဲ ထင်နေကြပါသော ပိုင်ရှင် (အတ္တ)နှင့် ဆိုင်ပိုင်နေကြသည့် (အတ္တနိယ)တို့၌ ဒိဋ္ဌိအနုသယတို့ကို ပယ်ဖျက်ကြရန် ရှုနည်းအချုပ်ကား။

အတ္တသုဉ်းရှုရန်၊ ။တကမ္ဘာလုံးရှိ သတ္တလောက ဃနပညတ် အကောင်ကြီးတို့ကို ရှေ့က ပွားသိအရဖြင့် အားထုတ်၍ လာကြသည့် အတိုင်း ဃနနှင့် ကလာပတို့ တခြားစီရှိနေကြသည်တို့ကို ရှုကြည့် ထင်မြင်ပြီးမှ ဤအပေါ်ရုံ ပုံသဏ္ဍာန် ပိုင်ရှင် ဃန ပညတ်ကောင်ကြီးတို့သည် အတွင်းသား ရုပ်နာမ် ကလာပ သင်္ခါရတို့ နယ်ထဲမှာ ကောန်မရှိ အဟုတ်မရှိကြဘဲ သုန်း သုန်းလိုက်နေကြပါတကား။ သုန်း သုန်းလိုက်နေကြပါ ဟုကား ဟု အခါခါ ရှုကြည့်ကြပါမူ ကလာပ သင်္ခါရတို့ အထဲမှာ ပိုင်ရှင် ဃနအတ္တတို့ သုန်းတာ မရှိတာတို့ကို ထင်

WWW.DHAMMARANSI.COM



မြင်နိုင်ကြကုန်၏။ ဝါ။ ထင်မြင်အောင် ရှေ့ကထင်မြင်ပေါက် ရောက်ခဲ့တိုင်း ရှုံ့ပွ ပျက်နှင့် ဖြစ်စေ ခြေလှမ်းပျက်နှင့် ဖြစ်စေ တွဲဖက်၍ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

## အတ္တနိယသုဉ်းရှုရန်။

တကမ္ဘာလုံးရှိ သတ္တလောက ဩကာသလောက ဃနပညတ် အကောင်အထည် ဝတ္ထုကြီးတို့ကို ရှေ့က ပွားသိ အရဖြင့် အားထုတ်လာခဲ့ကြသည့် အတိုင်း ဃနနှင့် ကလာပတို့ကို တခြားစီ ရှိနေကြသည်တို့ကို ရှုကြည့် ထင်မြင်ပြီးမှ ဤဆိုင်ပိုင်သော ဆွေမျိုးအပေါင်း အဖော် ဥစ္စာ ပစ္စည်းတို့ဘဲဟု ထင်မြင်နေကြသော အပေါ်ရံ ပုံသဏ္ဍာန် အကောင်အထည် ဃနအတ္တနိယ ပညတ်ကြီးတို့သည် ထိုထို အတွင်းသားရှိ ရုပ်နာမ် သင်္ခါရနယ်ထဲမှာ ကောန်မရှိ အဟုတ်မရှိကြဘဲ သုဉ်း သုဉ်းလိုက် နေကြပါတကား သုဉ်း သုဉ်းလိုက်နေကြပါနေကြတကား ဟု အခါခါ ရှုကြပါမူ ကလာပ သင်္ခါရတို့ အထဲမှာ ဆိုင်ပိုင်သည့် ဆွေမျိုး အပေါင်းအဖော် ဥစ္စာပစ္စည်းတို့တည်းဟူသော အတ္တနိယ ဃနတို့ သုဉ်းတာ မရှိတာတို့ကို ထင်မြင်နိုင်ကြကုန်၏။ ဝါ။ ထင်မြင်လာအောင် ရှုံ့ပွ ပျက်စသည်တို့နှင့် တွဲဖက်၍ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

## စတုကောဋိက ရှုရန်

စတုကောဋိကအရ၊ နာဟံ နကွစိ နကဿစိ စသည်ဖြင့် အဋ္ဌကထာပြသော ပါဠိအနက်တို့ကိုကြည့်၍ သိရန်ခက်သော

WWW.DHAMMARANSI.COM



ကြောင့် ဂုဏ်းအဓိပ္ပာယ်အရအာတိုင်း နားလည် လွယ်နိုင်သော အချက်တို့ကိုသာ ထုတ်၍ပြပေအံ့သတည်း။

၁။ ။သဗ္ဗေသင်္ခါရာ မမ အတ္တေန သုညာ။

၂။ ။မမ အတ္တနိယေန သုညာ။

၃။ ။သဗ္ဗေသင်္ခါရာ ပရအတ္တေန သုညာ။

၄။ ။ပရအတ္တနိယေန သုညာ။

၁။ သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည်။ မမအတ္တေန၊ ပိုင်ရှင်၊ ငါ ကောင် ဃန အတ္တမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက်ကုန်ဆုံး သုဉ်း ကုန်၏။

၂။ ။သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ မမအတ္တနိယေန၊ မိမိပိုင်ဆိုင်သည့် ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်း တစုံတခုတည်းဟူသော။ အတ္တနိယဃနမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက်ကုန်ဆုံး သုဉ်းကုန်၏။

၃။ ။သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော

WWW.DHAMMARANSI.COM



သင်္ခါရတရားတို့သည်။ ပရအတ္တေန၊ ပိုင်ရှင် သူတပါး ကောင် ဃနအတ္တမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက် ကုန်ဆုံး သုဉ်းကုန်၏။

၄။ ။သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည်။ ပရအတ္တနိယေန၊ သူတပါးပိုင်ဆိုင်သည့် ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်း တစုံတခု တည်းဟူသော အတ္တနိယ ဃနအတ္တမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက် ကုန်ဆုံး သုဉ်းကုန်၏။

ဤပါဠိ အနက်တို့ကို အရကျက်ပြီးမှ မိမိ အတ္တ သုညကို ရှုရန် မိမိအတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့ကို ရှေ့ကပွားသိ အရဖြင့် အားထုတ် လာခဲ့လာကြသည့်အတိုင်း (ဃနနှင့်ကလာပ)တို့ကို တခြားစီနေအောင် ရှုကြည့် ထင်မြင် ဆင်ခြင်ပြီးမှ ဤပိုင်ရှင် ငါကောင်ပညတ်သည် ငါ့အတွင်းသား ရုပ်နာမ် ကလာပ သင်္ခါရာနယ်ထဲမှာ ကျန်မရှိ အဟုတ်မရှိဘဲ သုဉ်းသုဉ်း လိုက်နေကြပါတကား သုဉ်းသုဉ်း လိုက်နေကြပါတကားဟု အခါခါရှုကြပါမူ မိမိရုပ်နာမ်ကလာပ သင်္ခါရတို့ အထဲမှာ မိမိ ငါကောင် ပိုင်ရှင် ဃနအတ္တ မရှိတာ သုဉ်းတာကို ထင်မြင် နိုင်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်လာအောင် ရှုံ့ပွပျက် စသည် တို့နှင့် တွဲဘက်၍ မကြာမကြာ အခါခါ ရှုကြည့်ပွားများ အား ထုတ်ကြပါလေ။

WWW.DHAMMARANSI.COM



## ပရအဇ္ဈတ္တသညာကို ရှုရန်။

မိမိမှတပါးမှ တပါးသော သူတပါးတို့၏အတွင်းရှိ ရုပ်နာမ် ကလာပသင်္ခါရတို့ကို ဃနနှင့် ကလာပတို့ တခြားစီ နေအောင် ရှုကြည့်ထင်မြင်ပြီးမှ ဤသူပါးတို့၏ ဃနပညတ် ကောင်ကြီးတို့သည်၊ ဤဃနတို့ အတွင်းသား ရုပ်နာမ် ကလာပ သင်္ခါရတို့ နယ်ထဲမှာ ကော်မရှိ အဟုတ်မရှိကြဘဲ သုဉ်းသုဉ်းလိုက်နေကြပါတကား။ သုန်းသုန်း လိုက်နေကြပါတကားဟု အခါခါ ရှုကြည့်ကြပါမူ သူတပါး ဃနပညတ် ကောင်ကြီးတို့ အတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့အထဲမှာ သူတပါး ဃနပညတ် အကောင်ကြီးတို့ မရှိတာ သုဉ်းတာကို ထင်မြင် လာနိုင်ကုန်ရာ၏။ ဝါ၊ ထင်မြင်လာအောင် ရှုံ့ပွပျက် စသည်တို့နှင့် တွဲဖက်၍ မကြာမကြာ အခါခါ ကြည့်ရှုပွားများကြပါလေ။

## ပရအဇ္ဈတ္တနိယ သညာကိုရှုရန်။

သူတပါးတို့- ဆိုင်ပိုင်သော ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်းတို့၏ အတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့တို့ ဃန ကလာပတို့ တခြားစီ နေအောင် ရှုကြည့်ထင်မြင်ပြီးမှ ဤသူတပါးတို့ ဆိုင်ပိုင်သော ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်း အကောင် အထည် ဃနပညတ်ကြီးတို့သည် ဤ ပရအဇ္ဈတ္တနိယ ဃနတို့၏ အတွင်းသားရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့ နယ်ထဲမှာ ကောန်မရှိ အဟုတ်မရှိကြဘဲ သုဉ်းသုဉ်း လိုက်နေကြပါတကား သုဉ်းသုဉ်း လိုက်နေကြပါတကား ဟု အခါခါရှုကြည့်ကြပါမူ သူတပါးတို့ ပိုင်ဆိုင်သည့် အကောင် အထည်

WWW.DHAMMARANSI.COM



ဝတ္ထုတို့ အတွင်း၌ ရုပ်နာမ် ကလာပ သင်္ခါရတို့အထဲမှာ သူတပါးတို့ ဆိုင်ပိုင်သည့် ပရအတ္တနိယဃန ပညတ်တို့ မရှိတာ သုဉ်းတာတို့ကို ထင်မြင်နိုင်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်လာအောင် ရှုံ့ပွပျက်စသည်တို့နှင့် တွဲဘက်၍ မကြာမကြာ အခါခါ ရှုကြည့် ပွားများကြပါလေ ယောဂီမြတ်တွေတို့။

## "ဆကာရ သုညရှုရန်"

ဤရှေ့က ပြခဲ့ပြီးသော ဒွိကောဋိက နည်းကား အလုံးစုံရှိရှိသမျှသော သင်္ခါရတို့၌ အတ္တဃနနှင့် အတ္တနိယဃနဟု ထင်မှတ် စွဲယူသော ဒိဋ္ဌိအနုသယတို့ကို ပယ်ခြင်းငှာ ပြတော်မူ၏။

စတုကောဋိက နည်းကား ဤအလုံးစုံရှိရှိသမျှသော သင်္ခါရတို့၌ပင် မိမိအတ္တဃန အတ္တနိယဃနနှင့် သူတပါးတို့ အတ္တဃန အတ္တနိယဃနဟု ထင်မှတ်ယူသော ဒိဋ္ဌိအနုသယတို့ကို ပယ်ခြင်းငှာ ပြတော်မူ၏၊

ဆကာရ၌မူကား စက္ခုစသည်တို့၌ အတ္တ အတ္တနိယတို့ကို ပြသောကြောင့် ရှေ့ကအားထုတ်လာခဲ့သောရုပ်နာမ်ကလာပ သင်္ခါရတို့နှင့် တမျိုးစီ ဖြစ်၍ အားထုတ်ကြ သူတို့ ဉာဏ်မရှုပ်ကြအောင် ရှေ့ကရုပ်နာမ် ကလာပသင်္ခါရ အတိုင်းကိုလည်းပြ ရှေ့က အတ္တ အတ္တနိယ (၃)ချက်တို့နှင့်လည်း မထပ်ရအောင် နောက် ဒွါဒသာကာရမှာ အဋ္ဌကသာ လာတိုင်း။

WWW.DHAMMARANSI.COM



၁။ သင်္ခါရာ ကာယစိ အတ္တေန သုညာ။

၂။ ကာယစိ အတ္တနိ ယေနသုညာ။ ။

၃။ နိစ္စေန သုညာ။ ။

၄။ ဓုဝေန သုညာ။

၅။ သဿတေန သုညာ။ ။

၆။ အဝိပရိဏာမဓမ္မေန သုညာ။ ။ဟု သိအပ်၏။

၁။ သဗ္ဗေသင်္ခါရာ၊အလုံးစုံရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ ကာယစိအတ္တေန၊ တစုံတယောက် ပိုင်ရှင် ဿန အတ္တမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ။ ချုပ်ပျက်ကုန်ဆုံး သုဉ်း ကုန်၏။

၂။ သဗ္ဗေသင်္ခါရာ၊ အလုံးစုံရှိရှိသမျှသော ရုပ်နာမ်ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ ကာယစိ အတ္တနိယေန၊ တစုံတယောက် ပိုင် ဆိုင်သည့် ဆွေမျိုး အပေါင်းအဖော် ဥစ္စာ ပစ္စည်း တစုံတခု တည်းဟူသော အတ္တနိယ ဿနမှ။ သုညာ၊ သုဉ်းကုန်၏။ ဝါ၊ ချုပ်ပျက် ကုန်ဆုံးသုဉ်းကုန်၏။

၃။ သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည်။နိစ္စေန၊ မြဲသည့် အနှစ် အတ္တမှ။ သုညာ၊ သုဉ်းကုန်၏။ ပါ။ ချုပ်ပျက် ကုန်ဆုံး သုဉ်းကုန်၏။

WWW.DHAMMARANSI.COM



၄။ သဗ္ဗေ သင်္ခါရာ၊ အလုံးစု ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ဓုဝေနနိုင်မာသည့်အနှစ် အတ္တမှ။သုညာ သုဉ်းကုန်၏။ ဝါ။ ချုပ်ပျက် ကုန်ဆုံးသုဉ်းကုန်၏။

၅။ ။သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရတရားတို့သည်။ သဿတေန၊ အခါခပ်သိမ်း ထင်ရှား ရှိသည့် အနှစ်အတ္တမှ။ သုညာ၊ သုဉ်းကုန်၏ (ဝါ) ချုပ်ပျက် ကုန်ဆုံးသုဉ်းကုန်၏။

၆။ ။သဗ္ဗေ သင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ၊ သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။ အဝိပရိဏာမဓမ္မေန၊ မဖောက်ပြန် နိုင်သည့် အနှစ် အတ္တမှ။ သုညာ၊ သုဉ်းကုန်၏ (ဝါ) ချုပ်ပျက် ကုန်ဆုံးသုဉ်းကုန်၏။

## ကာယဓိအတ္တ သုညရှုရန်။

တစုံတယောက် ပိုင်ရှင်တို့ ဃနအတ္တတို့၏ အတွင်းရှိ ရုပ် နာမ် ကလာပ သင်္ခါရတို့ကို (ဃနနှင့် ကလာပ) တခြားစီ နေအောင် ရှုကြည့် ထင်မြင်ပြီးမှ တစုံတယောက်တို့၏ ဃန ပညတ် ကောင်ကြီးတို့သည် ဤဃနတို့ အတွင်းသား ရုပ်နာမ် ကလာပ သင်္ခါရ တရားတို့ အထဲမှာ ကော်မရှိ၊ အဟုတ်မရှိ ကြဘဲ (သုဉ်းသုဉ်း လိုက်နေကြပါတကား၊ သုဉ်းသုဉ်း လိုက်နေ ကြပါတကား) ဟု အခါခါရှုကြပါမူ တစုံတယောက်တို့၏

WWW.DHAMMARANSI.COM



အတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့ နယ်ထဲမှာ တစုံတယောက် (ဃနပညတ်) ကောင်ကြီး မရှိတာ သုဉ်းတာတို့ကို ထင်မြင် လာနိုင်ကြကုန်ရာ၏။ (ဝါ) ထင်မြင်လာအောင် ရှုံ့ပွဲပျက် စသည်တို့နှင့် တွဲတက်၍ မကြာမကြာ အခါခါ ရှုကြည့် ပွားများကြပါလေ။

## ကာယဂတာ အတ္တနိယ ရှုရန်

တစုံတယောက်တို့ ပိုင်ဆိုင်သော ဆွေမျိုး အပေါင်း အဖော် ဥစ္စာ ပစ္စည်းတို့၏ အတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတို့ကို (ဃနနှင့် ကလာပ) တို့ ကွဲပြားစီနေအောင် ရှုကြည့် ထင်မြင်ပြီးမှ ၎င်းတစုံတယောက် ပိုင်ဆိုင်သော (အတ္တနိယ ဃနပညတ်) တို့သည် ၎င်းဃနတို့၏ အတွင်းသား ရုပ်နာမ် ကလာပ သင်္ခါရတို့နယ်ထဲမှာ ကောန်မရှိ အဟုတ်မရှိကြပဲ၊ သုန်းသုန်းလိုက်နေပါတကား၊ သုန်းလိုက်နေပါ တကားဟု အခါခါ ရှုကြပါမှ ထိုကာယဂတာအတ္တနိယတို့ အတွင်းရှိ ရုပ်နာမ်ကလာပ သင်္ခါရတို့ အထဲမှာ တစုံတယောက် ပိုင်ဆိုင်သည့်အတ္တနိယ ဃန ပညတ်တို့မရှိတာ သုန်းတာတို့ကို ထင်မြင်နိုင်ကြကုန်ရာ၏။ ဝါ၊ထင်မြင် လာအောင် ရှုံ့ပွဲပျက် စသည်တို့နှင့် တွဲဖက်၍ မကြာ မကြာ အခါခါ ရှုကြည့်ပွားများကြပါလေ။

ရှေ့ကပြခဲ့သော ဒွိကောဋိက စတုကောဋိက ကာယဂတာ အတ္တ အတ္တနိယတို့ကား၊ မိမိတို့ အတွင်းရှိ ရုပ်နာမ် ကလာပ သင်္ခါရတရားတို့ကို မိမိတို့ ဃန အတ္တ အတ္တနိယတဲ့ဟု (ဃန အတ္တစွဲဒိဋ္ဌိ)တို့မှ ကင်းလွတ်ကြရန် ပြချက်တည်း။ နောက်

WWW.DHAMMARANSI.COM



ပြလတ်သော နိစ္စေန သုညာ စသည်၊ ၄ ချက်တို့ကား ထိုထို ဃန ပညတ်တို့၏ အတွင်း၌ရှိ ရုပ်နာမ် ကလာပ သင်္ခါရ တရားတို့ကို ပြနေသည့် အနက် စသည်တဲ့ဟု(သာရအတ္ထဒီပနီ)တို့မှ ကောင်း လှတ်ကြရန် ပြချက်ပါတည်း။

## သာရအတ္ထ သုညရှုရန်။

တကမ္ဘာလုံး၌ သတ္တလောက သြကာသလောက ရှိရှိသမျှသော အကောင်အထည် ဝတ္ထု ကြီးငယ်တို့ကို ရှေ့က ပုဒ်သိအရဖြင့် အားထုပ် လာကြသည့်အတိုင်း (ဃနနှင့် ကလာပ) တို့ကို တခြားစီ ခွဲနအောင် ရှုကြည့် ထင်မြင်ပြီးမှ ထိုထို ဃနတို့ အတွင်းက ရှိရှိသမျှသော ရုပ်နာမ် ကလာပ သင်္ခါရတို့သည် (ထိုးထွင်းသိ)အရဖြင့် အားထုပ်လာကြသည့် အတိုင်း သဘောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော အနိစ္စ အချက်တို့ကို သိရှိအောင် ထိုထို ရုပ်နာမ် ကလာပ သင်္ခါရတို့၏ အမှုအရာ ပျက် တခုခုတို့နှင့် တွဲဖက်၍ ရှုရ၏။

နိစ္စေနသုညာ-စသည် -ရှုပုံ။ ။စကြိန်နှင့် ရှုရန် ရုပ်နေသော မိမိ အတွင်း အပ ရှိရှိသမျှသော ပစ္စုပ္ပန် ကာလတူ ရုပ်နာမ် ကလာပ သင်္ခါရတို့သည် ညာလှမ်း ဘယ်လှမ်းတို့နှင့် တကွနက် ပျက်ပျက် ပျောက်ပျောက် မရှိ မရှိ လိုက်နေကြသည်ကိုပင်လျှင် နိစ္စေနသုညာ၊ မြဲသည့် အနှစ်မှလည်း သုဉ်းခြင်းတို့တည်း။ ဓုဝေန သုညာ၊ ခိုင်မာသည့် အနှစ်မှလည်း သုဉ်းခြင်းတို့တည်း။ သဿတေန သုညာ၊ အခါခပ်သိမ်း ထင်ရှားရှိသည့် အနှစ်မှလည်း သုဉ်းခြင်းတို့တည်း။ အဝိပရိဏာမ ဓမ္မေန သုညာ၊ မဖောက်ပြန်နိုင်သည့် အနှစ်မှလည်း

WWW.DHAMMARANSI.COM



သဥ်းခြင်းတို့တည်း။ ဟု စကြိန်ဖြင့် တခုစီ တခုစီ ထင်မြင်လာကြအောင် ကြည့်ရှု ပွားများကြပါလေ၊ ထိုမှ တပါးသော အမှုအရာ ပျက်တို့နှင့်လည်း ရှုနိုင်၏ ရှုကြပါလေ၊ ယောဂီ မြတ်တွေတို့။

ဆကာရသုညတ အကျဉ်းပြီး၏

## ဒွါဒသာကာရ ရှုရန်မှာ။

ယခုခေတ်က အကျဉ်း ကြိုက်ကြသောကြောင့် အလုပ်ကိစ္စ ပြီးစီးကြရုံ အဋ္ဌာကာရ ဒသာကာရတို့ကို ချန်လှပ်၍ ဒွါဒသာကာရကိုသာ ပြရမှာကား။

သဗ္ဗေ သင်္ခါရာ နသတ္တာ နိဇီဝါ နနရာ နမာဏဝါ နဣတ္ထိ နပုရိသာ နအတ္တာ နအတ္တနိယာ နအဟံ နမမ နအညဿ နကဿစိ။ ။ရှုလွယ်အောင် ပါဠိစဉ်ထားသည်။

သဗ္ဗေသင်္ခါရာ၊ အလုံးစုံ ရှိရှိသမျှသော ရုပ်နာမ် ကလာပ သတောမျှ သက်သက် ပျက်ပျက် လိုက်နေကြသော သင်္ခါရ တရားတို့သည်။

၁။ နသတ္တာ၊ သတ္တါကောင် ဿနအတ္တမဟုတ်ကုန်။

၂။ နဇီဝါ၊ အရှင်ကောင် ဿနအတ္တမဟုတ်ကုန်။

၃။ နနရာ၊ အမှုကိစ္စ ဆောင်ရွက်နိုင်သူ လူကောင် ဿနအတ္တမဟုတ်ကုန်။

WWW.DHAMMARANSI.COM



၄။ နမာနဿ ဝါ။ မာန၏တည်ရာ လုလင်ကောင် ဃန အတ္တမဟုတ်ကုန်။

၅။ နဣတ္ထိ၊ မိန်းမကောင် ဝါ။ အမကောင်ဃန အတ္တ မဟုတ်ကုန်။

၆။ နပုရိသာ၊ ယောကျ်ားကောင် ဝါ။ အဖိုကောင် ဃနအတ္တမဟုတ်ကုန်။

၇။ နအတ္တာ၊ ပိုင်ရှင် ဃနအတ္တ ကောင်ကြီးမဟုတ်ကုန်။

၈။ နအတ္တနိယာ၊ မိမိတို့ ပိုင်ဆိုင်သည့် ဆွေမျိုး အပေါင်း အဖော် ဥစ္စာ ပစ္စည်း တစုံတခုတည်း ဟူသော အတ္တနိယ ဃန မဟုတ်ကုန်။

၉။ နအဟံ၊ ငါကောင် ဃနအတ္တမဟုတ်ကုန်။

၁၀။ နမမ၊ ငါပိုင်ဆိုင်တဲ့အတ္တနိယ ဃနမဟုတ်ကုန်။

၁၁။ နအညဿ၊ သူတပါးဃနအတ္တမဟုတ်၍ သူတပါး ပိုင်ဆိုင်တဲ့ အတ္တနိယ ဃနလည်း မဟုတ်ကုန်။

၁၂။ နကဿစိ၊ တစုံတယောက် ဃန အတ္တ မဟုတ်၍ တစုံတယောက် ဆိုင်ပိုင်တဲ့ အတ္တနိယ ဃနလည်း မဟုတ်ကုန်။

ဟူသော (၁၂)ချက်တို့ထွင် နသတ္တာစသော (၁၂)ချက်တို့ ရှုရန် တကမ္ဘာလုံး၌ သတ္တလောက ဩကာသလောက ရှိရှိသမျှ တို့ကို ရှေ့ကပွား၍သိအရဖြင့် အားထုတ်လာကြသည့် အတိုင်း

WWW.DHAMMARANSI.COM



ဤ(၁၂)ချက်တို့၏ ဃနနှင့်ကလာပတို့ကို တခြားစီ နေအောင် ရှုကြည့်ထင်မြင်ကြပါမှု သမုတိနယ်မှာ အရိုးစိုက် ရှိနေတယ်ဟု အရိုးစိုက်ရှိနေတယ်ဟု စွဲမြဲနေကြသော သတ္တဝါကောင်တို့ဟာ အတွင်းသား (ကလာပ) မဟုတ်ခြင်းမဖြစ်ခြင်းကို၊ သေခြာစွာ သိရှိကြရသည့်အတိုင်း ဇီဝ အရှင်ကောင်တို့၏ အတွင်းသား (ကလာပ) တို့သည်လည်း အရှင်ကောင် (ဃနအတ္တ) မဟုတ်ဟုသိနိုင်၏။ နရ၊ လူလင်ကောင်တို့၏ အတွင်းသား ကလာပ တို့သည်လည်း လူင်ကောင် (ဃနအတ္တ) မဟုတ်နိုင်ဟု သိနိုင်၏။ ဣတ္ထိ၊ မိန်းမကောင်းတို့၏ အတွင်းသား (ကလာပ) တို့သည်လည်း မိန်းမကောင် (ဃနအတ္တ) မဟုတ်ဟု သိနိုင်၏။ ပုရိသ ယောကျ်ားကောင်တို့၏ အတွင်းသား (ကလာပ) တို့ သည်လည်း ယောကျ်ားကောင် ဃနအတ္တ မဟုတ်ဟု သိ နိုင်၏။ ။အတ္တ၊ ပိုင်ရှင်ဃနအတ္တ ကောင်တို့၏ အတွင်းသား (ကလာပ)တို့သည်လည်း ပိုင်ရှင်၏ဃန အတ္တမဟုတ်ဟု သိနိုင် ၏။ အတ္တနိယ မိမိပိုင်ဆိုင်သည့် အတ္တနိယဝတ္ထုတို့၏ အတွင်း သား ကလာပတို့သည်လည်း ဆိုင်ပိုင်သော အတ္တနိယ ဃန ဝတ္ထုတို့၏ အတ္တနိယ ဃနဝတ္ထု မဟုတ်သိနိုင်၏။

အဟံ၊ ငါကောင် အတွင်းသား ကလာပ တို့သည်လည်း ငါကောင်၏ ဃန အတ္တ မဟုတ်ဟု သိနိုင်၏။ နမမ၊ ငါပိုင် ဆိုင်သော အတ္တနိယ ဝတ္ထုတို့၏ အတွင်းသား ကလာပ်တို့ သည်လည်း ဆိုင်ပိုင်သော ငါ့အတ္တနိယ ဃနအတ္တ မဟုတ်ဟု သိနိုင်၏။ အညသာ အရလည်း သူတပါးနှင့် သူတပါး ဆိုင် ပိုင်တို့၏ အတွင်းသား ကလာပ တို့သည်လည်း သူတပါး

အတ္တနှင့် အတ္တနိယတို့ မဟုတ်ဟု သိနိုင်၏။ ကာယစိ အရလည်း တစုံတယောက်နှင့် ဆိုင်ပိုင်သော သူတို့၏ အတွင်းသား ကလာပ တို့သည်လည်း တစုံတယောက်တို့ အတ္တနှင့် အတ္တနိယတို့ မဟုတ်ဟု လယ်ပြင်မှာ ဆင်ဖြေးတာကိုမြင်ရတာလို လွယ်လွယ် ကူကူနှင့် မြင်နိုင်ကြကုန်ရာ၏။ ဤသို့ ထင်မြင်ပြီးမှ ဤ ၁၂ ချက် တို့ကိုဝိပဿနာ ရှုလိုပါမူ တကမ္ဘာလုံးရှိ သတ္တလောက ဩကာသ လောကတို့အတွင်းရှိကြသည့်ကလာပတို့ကို ရှေ့က ထိုးထွင်းသိ အရဖြင့် အားထုတ်လာခဲ့ကြသည့်အတိုင်းသဘောမျှသက်သက် ပျက်ပျက် လိုက်နေကြသော အမှုအရာပျက် တခုခု တို့နှင့် တွဲဖက်၍ ရှုရ၏။ ရှုကြပါလေ ယောဂီမြတ်တွေတို့။

## နသတ္တသညာကို ရှုရန်။

စင်္ကြန်ဖြင့် ရှုရန်ရပ်နေသော မိမိအတွင်းအခပ် ရှိရှိသမျှသော ပစ္စုန်ပ္ပန် ကာလတူ ရုပ်နာမ် ကလာပ သင်္ခါရတို့သည် အနှစ် သာရတို့သာမရှိကြသောကြောင့် မိမိ၏ညာလှမ်း ဘယ်လှမ်းနှင့် တကွနက် ပျက်ပျက် ပျက်ပျက် ပျောက်ပျောက် မရှိမရှိ လိုက် နေကြသည့် အတွင်းသို့ ထည့်သွင်း၍ နသတ္တာ သတ္တလောက အတွင်းရှိ သင်္ခါရတို့သည် သတ္တဝါကောင် သနအတ္တ မဟုတ် မဟုတ် မဖြစ် မဖြစ်ဟု အနှစ်မရှိ၍ ပျက်လိုက် နေကြသည် တို့ကို စင်္ကြန်စသည်နှင့် တွဲဘက်၍ ရှုကြည့်ကြပါလေ ယောဂီ မြတ်တွေတို့။

၁။ နစ္ဆဝါ .... အရှင်ကောင် လောက အတွင်းရှိ သင်္ခါရတို့၌ရှင်း....

WWW.DHAMMARANSI.COM



၂။ နနရာ .... လူကောင် လောကအတွင်း၌ရှိ သင်္ခါရ တို့၌ရှင်း....

၃။ နာမာဏာဝါ .... လင်ကောင် လောက အတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....

၄။ နုလ္လတ္ထ .... မိန်းမကောင် လောက အတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

၅။ နပုရိသ .... ယောက်ျားကောင် လောကအတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....

၆။ နအတ္တာ .... ပိုင်ရှင်ကောင် လောကအတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

၇။ နအတ္တနိယ .... ဆိုင်ပိုင်သည့် အတ္တနိယ လောက အတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

၈။ နအဟံ မိမိ ငါကောင် လောက အတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

၉။ နမမ ငါပိုင်ဆိုင်သည့် အတ္တနိယ လောက အတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

၁၀။ နအညဿ သူတပါးနှင့် သူတပါး ဆိုင်ပိုင်သော လောကတွင်း၌ရှိ သင်္ခါရတို့၌ရှင်း....။

WWW.DHAMMARANSI.COM



၁၁။ နကာဿစိ — တစုံတယောက်နှင့် တစုံတယောက် ဆိုင်ပိုင်သော လောက အတွင်းရှိ သင်္ခါရ တို့၌ဝှင်း....။

ဇီဝ နရ မာဏဝ စသည် ဃန အတ္တအတ္တနိယတို့မဟုတ် မဟုတ် မဖြစ် မဖြစ်ဟု အနှစ်မရှိ၍ ပျက်ပျက်လိုက်နေကြသည် တို့ကို စကြံန် စသည်တို့နှင့် တွဲဖက်၍ ရှုကြည့်ကြပါလေ။

## သင်္ခါရပေက္ခာဉာဏ်ဖြစ်ပုံ။

ရှေ့က ပြခဲ့သည့်အတိုင်း ဒွိကောဋိက စတုကောဋိက ဆကာရ စသည်တို့ကို ရှုကြည့်ထင်မြင်လာသော အခါ ရှေ့အဘို့က သတ္တ လောက သြကာသလောက ရှိရှိသမျှသော အကောင် အထည် အတ္တ အတ္တနိယ စသည်တို့သည် သမုတိ သစ္စာနယ်တွင်မက အတွင်းရှိ ပရမတ်တို့နှင့်တကွနက် အဟုတ်ရှိ အမှန်ရှိဟု ထင်မြင် နေကြသည့်အတိုင်း အတွင်းသား သင်္ခါရလောက နယ်ကြီးထဲ မှာ နဲနဲမျှ မရှိကြတော့တို့ကို ထင်မြင်လာကြမှ သြော်....မိမိတို့ လက္ခဏာနှင့် အဟုတ်ရှိ တကယ်ရှိ နေကြသော သင်္ခါရလောက ပရမတ်နယ်ကြီးထဲမှာ ပိုင်ရှင် အတ္တကောင်လည်းမရှိ ပိုင်ဆိုင် တာလည်းမရှိ တစုံတယောက်လည်းမရှိ တစုံတယောက်ဆိုင် ပိုင်တာလည်းမရှိကြဘဲ ဝှင်းတို့အတွက် တောင့်တဘွယ်ကြောင့် ကြဘွယ် စိုးရိမ်ဘွယ် စသည်တို့လည်း ဖြစ်ကြဘွယ် မရှိဟု အမှန်ဖြစ်ပျက်နေကြသော ဤသင်္ခါရလောကကြီး၌သာ အမှန်

WWW.DHAMMARANSI.COM



ကြည့်၍ သိ၍ ပရမတ်ကိုလည်း မိမိတို့ လက္ခဏာတို့နှင့် သီးခြား ထုတ်ယူ၍ကား မရ ပရမတ်တို့ ပေါင်းဆုံကြမှ ဖြစ်ပေါ်လာကြသော သတ္တလောက ဩကာသလောက သမုတိ သစ္စာနယ်တို့၌ ချစ်ခြင်း မုန်းခြင်း စသည်တို့ကို မပြုကြဘဲ (လျှစ်လျူရှု၍) နေနိုင်တော့၏။ ဝါ။ လျစ်လျူရှု၍ နေကြတော့၏။ ဤရှုသော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုအပ်၏။

## မိမိ၌ သင်္ခါရုပေက္ခာဉာဏ် ရမရသိရန်။

မိမိတို့ သင်္ခါရုက္ခာဉာဏ်၌ ဆိုက်မဆိုက်ကို သိလိုပါမူ လူနတ် စည်းစိမ် ကာမဂုဏ်ငါးပါးနှင့် ဘုံသုံးပါး ချမ်းသာ အစားစားနှင့် တွေ့ကြုံဆဲ တွေ့ကြုံလတ္တံ့တို့၌ အကြော ကြက်တောင်တို့ မီးလောင်သောအခါ နောက်သို့သာ တွန့်ဆုပ်လာသကဲ့သို့ မိမိစိတ် နောက်ဆုပ်မဆုပ် တွန့်မတွန့် စိတ်ရှုံ့မရှုံ့ ဝါ၊ စိတ်ချင် မချင် စိတ်နှစ်မနှစ် စိတ်မပျံ့နှံ့ ဝါ၊ မွေ့လျော်သော အားဖြင့် မပြေးဝင် ပြေးဝင် စက်ဆုပ်ရွံရှာခြင်း ဖြစ်မဖြစ် စသည်တို့ကို ကြည့်၍ ထိုထိုလောကီ အာရုံ ကာမဂုဏ် ချမ်းသာတို့၌ မိမိစိတ်နောက်သို့ ဆုပ်မှု တွန့်မှု ရှုံ့မှု ချင်မှု နှစ်မှု မပျံ့မှု မွေ့လျော်သောအားဖြင့် မပြေးဝင်မှု စက်ဆုပ်မှု ရွံရှာမှု ဤတခုခု၌ တည်နေ ထင်မြင်ပါမူ ငါ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်ပြီဟု မှတ်ကြလေ။ ထိုတခုခု၌ မတည်သေးပါမူ အားထုတ်မှုတို့နောက်သို့ မဆုပ်ဘဲ တခုခု၌ တည်လာအောင် လော၍ လော၍ အားထုတ်လိုက်ပါလျှင် ဤဉာဏ်ဆိုက်အောင် ပါရမီ ကြီးကျယ်လာသူ ငါတမူကား မကြာခင် ထင်မြင်ပေါက်

WWW.DHAMMARANSI.COM



ရောက်နိုင်၏ဟု ခဲ့မဲ၍ အားထုတ်ကြပါလေ၊ ယောဂီမြတ်တွေ့တို့။ ဤသင်္ခါရုပေက္ခာဉာဏ်သည် တခုခုကို ရှုရှုနှင့် မင်္ဂဖိုလ်ကိုမရ။ အစုံရှုမှ ရသည်၊

**တွင်းပြင်ရုပ်နာမ် သုံးတန်လက္ခဏာ အကျုံ့ခြား စုံတွာရှု ရမည် ဟု** ရှုကြပါလေ။

၇ ဌာနလုံး ပေါက်ရောက်အောင်လည်း ရှုကြည့် ပွားများကြပါလေ။ အနုလောမ ဉာဏ်ကိုကား အထူးသီးခြား အား မထုပ်ရပါ။ ဤ သင်္ခါရုပေက္ခာ ဉာဏ်ဖြင့်ပင် အလိုလိုတက်၍ မင်္ဂကိုတက်၍ ရတော့၏ ဟု သိကြပါလေ။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း သင်္ခါရုပေက္ခာဉာဏ်သို့ တသန် တည်း ဖြစ်စေ အဆင့်ဆင့် ဖြစ်စေ ပေါက်ရောက် သူတို့တွင် ပါဝင်၍ ငါ၊ မကြာခင် နိဗ္ဗာန်ကို ထင်မြင်ရတော့မှာ ပါတကားဟု အားတက်ခါ တက်ခါ အားထုပ်ကြသောအခါ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်သဖြင့် အနုလောမဉာဏ် အခြေမှန်၍ နိဗ္ဗာန်ကို သန္တိအားဖြင့် ထင်မြင်သည်ရှိသော် သမုဒ္ဒရာသို့ သွားသော ကုန်သည်များတို့ ဒိသာကာက ကျီးတို့ ကမ်းကို မြင်သောအခါ လင်းယဉ်တိုင်သို့ မပြန်လာတော့ဘဲ ကမ်းရှိရာသို့ ပျံသွားသကဲ့သို့ ဝိပဿနာ ရှုသည့်အခါ အာရုံကို အာရုံ မပြုတော့ဘဲ မဂ္ဂဝီထိ၌ပါသော ပရိကံ ဉပစာ အနုလုံ တည်း ဟူသော အနုလောမဉာဏ်မှ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူ ဉာဏ် မင်္ဂဉာဏ် တကြိမ် ဖိုလ်ဉာဏ် နှစ်ကြိမ်တို့ဖြစ်၍ မဟာ သောတာပန် အရိယာ အစစ် ဖြစ်လေတော့၏။

WWW.DHAMMARANSI.COM



## မိမိကိုယ်တိုင် အရိယာဖြစ်မဖြစ်သိပုံ။

ဤ အရိယာ ဖြစ်ပြီးနေရက် မိမိတို့ရသော မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော လောကုတ္တရာ တရားတို့ကို ပြည်တန်ပတ္တမြား အမြင်သန်သော မျက်စိဖြင့် လက်ဝါးပေါ်တင်၍ ကြည့်သော အခါ ကြောင်ကြောင်ကြီး ထင်မြင်လာသကဲ့သို့ ထင်မြင်လာ အောင် ကေန္တ မုချ ကြည့်ရှုကြမဲ့ ထင်မြင်ကြမဲ့ အစစ် ဖြစ်ကြ၏။ ။တိန်းစားတို့ အိပ်ငိုက်ဆဲမှာ သိနေဆဲ အာရုံမှ မေ့ကနဲ သတိလစ်ကနဲ ဖြစ်ပြီး ရီးတီးရားတား ဖြစ်သွားတာ မျိုးလို မဟုတ်ကြပေ။ ငါ အပယ်ဒုက္ခတေးတို့မှ အေးရပြီ ငါ ကေန် သောတာပန် ဖြစ်ပြီဟူ၍ သိနိုင်ကြောင်းကို။

ခီဏာနိရယောမှိ ခီဏာ တိရစ္ဆာနယောနိ ခီဏာ ပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော သောတာ ပန္နောဟမသ္မိ။

ဟု ပဉ္စင်္ဂုတ္တရ ပါဠိတော် သောတာပတ္တိ သံယုတ်ပါဠိတော် မဟာနိဗ္ဗာန ဓမ္မာဒါသသုတ် ပါဠိတော်၌ ဘုရားကိုယ်တော်တိုင် မိန့်တော်မူ၏။ ။သော။ ထိုသောတာပန်အစစ် ဖြစ်သောသူသည် အဟံ၊ ငါသည်။ ခီဏာနိရယော၊ ကုန်ပြီးသော ငရဲ ဘဝ ဖြစ်ခြင်းရှိသည်။အမှိ၊ ဖြစ်ပြီး။ ခီဏာ တိရစ္ဆာနယောနိ၊ ကုန် ပြီးသော တိရစ္ဆာန်ဘဝဖြစ်ခြင်းရှိသည်။ အမှိ၊ ဖြစ်ပြီး။ခီဏာ ပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာဘဝ ဖြစ်ခြင်းရှိသည်။ အမှိ၊ဖြစ်ပြီး။ ခီဏာ ဒုဂ္ဂတိဝိနိပါတော၊ ကုန်ပြီးသောအပါယ် ဒုဂ္ဂတိသို့ ကျရောက်ခြင်းရှိသည်။ အမှိ၊ ဖြစ်ပြီ ဟု မိမိကိုယ်တိုင်

WWW.DHAMMARANSI.COM



မိမိတို့ ကေန် သိကြ၏။ဟု မှတ်ကြပါလေ။ ထိုသောတာပတ္တိ မဂ္ဂဝိထိ ကျပြီးနောက်လည်း မိမိရသည့် မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ကေန်မုချ ပစ္စဝေက္ခဏာဝိထိဖြင့် နှလုံးသွင်းကြကြောင်းကို။

မဂ္ဂံဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။

ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ နဝါ။

ပဏ္ဍိတော၊ မဂ်ကို ရသိ ပညာရှိသည်။ မဂ္ဂဉ္စ၊ မိမိရသော မဂ်ကိုရင်း။ ဖလဉ္စ၊ မိမိရသော ဖိုလ်ကိုရင်း။ နိဗ္ဗာနဉ္စ၊ မိမိ ရောက်သော နိဗ္ဗာန်ကိုရင်း။ ပစ္စဝေက္ခတိ၊ ကေန်မုချ ဆင်ခြင်၏။ ဟီနေ ကိလေသေစ၊ ပယ်ပြီးသော ကိလေသာတို့ကိုရင်း။ သေသေစ၊ ကြွင်းသော ကိလေသာတို့ကိုရင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်သည်လည်းရှိ၏။ နဝါပစ္စဝေက္ခတိ၊ မဆင်ခြင်သည်လည်း ရှိ၏။ဟု ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့ မိန့်ဆိုတော်မူကြသည့်အတိုင်း မိမိတို့ရသည့် မဂ်ဖိုလ် နိဗ္ဗာန်တို့၏ ကောင်းမြတ်သည့် အရသာနှင့် ကောင်းလှသည့် သဘောမြတ်တို့ကို လူနတ် စည်းစိမ်ထက်မက များများကြီး ခံစားနေကြကုန်၏ဟု မှတ်ကြပါလေ။ အလွန် အရေးကြီးသော ဇီဝိတသမသီသီ ရဟန္တာတောင် ဤ ပစ္စဝေက္ခဏာ ဇော သုံးကြိမ်ကျပြီးမှ ပရိနိဗ္ဗာန် စံကြသည်တို့ကို ထောက်ထား၍ အရိယာ မှန်သမျှတို့ ကေန်မုချ ပစ္စဝေက္ခဏာဇော ဖြစ်မြောက်ကြ၏။ ဟူ၍ သိကြပါလေ ယောဂီမြတ်တွေတို့။

WWW.DHAMMARANSI.COM



## အရိယာတို့ သက်သေခံ၏ မဖောက်ပြန်ပုံ။

တနည်း၊ လူဖြစ်လျှင် ငါးပါးသီလတို့ကို မလွန်ကျူး၊ မလွန်ကျူးလျှင် သင့်ကိုသတ်မည် ဟု ဆိုစေကာမူ အသက်ကိုသာ အသေခံကြသည်။ သီလကို မလွန်ကျူး ဟု သိကြပါလေ။ ရဟန်းဖြစ်ပါမူ မိမိ သီလသိက္ခာတို့ကို သိလျက် မလွန်ကျူးကြပေ။ အသက်ကို အသေခံကြရမူ ခံကြသည်ဟူသော အရိယာတို့ စည်းမျဉ်း မိမိမှာ ရှိပါမူ မိမိတို့ ဝမ်းမြောက်ကြ။ ထိုသူမှာ ရှိမူ ကြည်ညိုကြ ဝမ်းမြောက်ကြလေ၊

အထောက် သက်သေကား ဘဝတပါးသို့ ရောက်သော သောတာပန် အရိယာ သာဝကသည် မိမိကိုယ် မိမိ အရိယာဖြစ်သည်ကို မသိသော်လည်း တစုံတယောက်က ဤပိုးရွချပုန်းကို သတ်ပါမူ အလုံးစုံသော ဤစကြဝဠာ၌ စကြာမင်းကြီး ဖြစ်ရမည်ဟု ပြောလာငြားသော်လည်း မိမိ သောတာပန်ဘဲဟု မသိသော သောတာပန်သည် ထိုသတ္တဝါ၏ အသက်ကို ကေန် မသတ်တော့သည်သာတည်း။ ထိုမှတပါး အကယ်၍ သင်သည် ဤသတ္တဝါကို မသတ်ငြားအံ့၊ သင်၏ ဦးခေါင်းကို ဖြတ်အံ့ဟု ဆိုလာစေကာမူ မိမိသာ ဦးခေါင်းကို အဖြတ်ခံရာ၏၊ ထိုသတ္တဝါကို မသတ်ရာဟု သေချာစွာ ပြတော်မူသည်ကား။

သစေပိ ဘဝန္တရဂတံ အရိယံ သာဝကံ . အတ္တနော အရိယဘာဝံ အာဇာနန္တံပိ ကောစိ ဝဒေယျ ဣမံ ကုန္တကိပိလ္လကံ ဝေါရောပေတွာ သကလ စက္ကဝါဠဂဗ္ဘေ စက္ကဝတ္တိရဇ္ဇံ ပဋိပဇ္ဇာဟီတိ နေဝ သော တံ ဇီဝိတာ ဝေါရောပေယျ

WWW.DHAMMARANSI.COM



အထာပိ နံ ဝေံ ဝဒေယျ သစေ ဉာမ န ဃာတေဿတိ သီသံ တေ ဆိန္ဒိဿာမာတိ သီသမေဝဿ ဆိန္ဒေယျ၊ န စ သော တံ ဃာတေယျ။

ဟိ၊ အရိယာတွေ စည်းမျဉ်း သေသည်ကို ထင်ရှားအောင် ပြဆိုဦးအံ့။ ဘဝန္တရဂတံ၊ ဘဝတပါးသို့ ရောက်သော။ အရိယသာဝကံ၊ ဘုရားတပည့်ဖြစ်သော အရိယာကို။ အတ္တနော၊ မိမိ၏။ အရိယသာဝ ါ၊ အရိယာ အဖြစ်ကို။ သစေ အဇာနန္တမ္ပိ၊ အကယ်၍ မသိစေကာမူလည်း။ ကောစိ၊ တစုံတယောက်သော သူက။ နံ၊ ထို သောတာပန် အရိယာကို။ ဉာမံ၊ ကုန္တကိတ်ပိလ္လိကာ ါ၊ ဤ ပိုး ရွ ချပုန်းတို့ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ အကယ်၍ ချပါမူကား။ သကလ စက္ကဝါဠဂဗ္ဘေ၊ အလုံးစုံသော ဤစကြာဝဠာတိုက်၌။ စက္ကဝတ္တိရဇ္ဇံ ါ၊ စကြာမင်းကြီး အဖြစ်ကို။ ဒဒေယျာဟိ၊ ဖြစ်စေအံ့။ ဉာတိ၊ ဤသို့။ ဝဒေယျ၊ဆိုလာကြငြားအံ့သော၊ထိုအရိယာမှန်း မသိသော သောတာပန်သည်။ တံ၊ ပိုး ရွ ချပုန်းကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ နေဝ ဝေါရောပေယျ၊ မချရာ။ အာထာပိ၊ ထိုမှတပါးလည်း။ ဉာမ ါ၊ ဤသတ္တဝါကို။ သစေနဃာတေ သိ၊ အကယ်၍ မသတ်သည်ဖြစ်အံ့။ တေ၊ သင်၏။သီသံ၊ဦးခေါင်းကို။ ဆိန္ဒိဿာမာတိ၊ဖြတ်အံ့ဟူ၍။ နံ၊ထိုအရိယာကို။ဝဒေယျ၊ဆိုလာငြားအံ့။အဿ၊ထိုအရိယာ၏။သီသမေဝ၊ဦးခေါင်းကိုသာလျှင်။ ဆိန္ဒေယျ၊ အဖြတ်ခံရာ၏။သော၊ ထိုအရိယာသည်။ တံ၊ထိုပိုးရွပုန်းကို။ နစဃာတေယျ၊ သတ်လည်း မသတ်ရာ။

WWW.DHAMMARANSI.COM



ဥပရိပဏ္ဏာသ အဋ္ဌကထာ ဗဟုဓာတုကသုတ်၌ လာသည့်အတိုင်း အရိယာဖြစ်ပြီးဟု ထင်နေသူတို့ အရိယာစည်းမျဉ်းကို သိကြပါလေ သူတော်ကောင်းတွေတို့။

သိခါပတ္တ ဝိပဿနာဉာဏ်ကို အကယ်၍ ငါမဖြစ်သေးဟု သိပါမူ စိတ်ကို မလျှော့ကြဘဲ ဆက် လက်၍ ရှေ့ကပြခဲ့သော သင်္ခါရုပေက္ခာဉာဏ်ကိုသာ မုန့် ညက်ဆင့် ခပ်ဝါဂွမ်းဖတ်သို့ နုသည်ထက် နုနုသွားအောင်သာ အထူးအားသစ်ကြ၍ မဂ်ကို ရရန် အထွဋ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ် ၎င်းအထက် အနုလောမဉာဏ် ဂေါတြဘူဉာဏ် ဤဉာဏ် သုံးပါးတို့သည် လောကီဉာဏ်တို့၏ အထွဋ်အထိပ်သို့ရောက် သောကြောင့် သိခါပတ္တ ဝိပဿနာ ဉာဏ်မည်၏။ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာဉာဏ် တနည်း ပုထုဇဉ် အဖြစ်မှ ထမြောက် သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်မည်၏။ဟု သိကြပါလေ။

အထူး သိ သတိရှိကြစေရန်ကား ဤဝိပဿနာ အလုပ်ကို အားထုတ်ကြသော ယောဂီမြတ်တို့သည် အဇ္ဈတ္တကိုချည်း ဗဟိဒ္ဓကိုချည်း ရုပ်ကိုချည်း နာမ်ကိုချည်း ထင်ကာမျှဖြင့် မဂ် ဖိုလ် မရနိုင်သေး အနိစ္စကိုချည်း ဒုက္ခကိုချည်း အနတ္တကိုချည်း ထင်မြင်ကာမျှဖြင့် မဂ် ဖိုလ်ကို မရနိုင်သေး။ အစုံ အစုံ ရှုမှ ရနိုင်သည်ကိုလည်း သိရှိကြပါလေ ယောဂီမြတ်တွေတို့။

ဤမျှဖြင့်
ဆယ်ရက် ကျင့်စဉ် ဟောစဉ်
ပြီးပြီ။

WWW.DHAMMARANSI.COM

# အမှန် အမှား ထင်ရှားပြင်ဆင်
# အစဉ်ကြည့်ရှု သတိပြု။

| စာမျက်နှာ | စကြောင်းမရ | အမှား | အမှန် |
|---|---|---|---|
| ၁၆ | ၁၉ | ဒွတ္တိသ | ဒွတ္တိံသ |
| ၁၇ | ၁၃ | အထွင်းမှား | အတွင်းမှာ |
| ၁၈ | ၁၃ | ပုညကြို | ပုညကြိ |
| ၂၂ | ၂၀ | ဖြစ်လျှင် | အရေကို ဥာဏ်ဖြင့် သွင်း၍ သွင်း၍ ကြည့်ပါလေ။ အရေ မဝင်နိုင်သော ဝတ္ထုဖြစ်လျှင် ရောင်ခြည်သွင်း၍ ကြည့်ပါလေဟု ပြင်ယူပါ။ |
| ၃၂ | ၉ | တော | ကော |
| ၃၅ | ၁၃ | သမ္ဗသနု | သမ္ဗသန |
| ၃၅ | ၁၄ | သမ္ဗသန် | သမ္ဗသန |
| ၃၆ | ၁၀ | သိသိရဖြင့် | သိ-အရဖြင့် |
| ၃၆ | ၂၁ | ဘဂ်ဥာဏ် | ဘာဂ်ဥာဏ် |
| ၃၉ | ၈ | ကမ္ဗဇရုပ် | ကမ္မဇရုပ် |
| ၄၁ | ၈ | ကလာပိ | ကလာပ် |
| ၄၁ | ၂၁ | ရှိသော | ရှိသော် |
| ၄၁ | ၈ | ဒုက္ခံ၊ မည်သလော | ဒုက္ခံ၊ ဒုက္ခ မည်သလော။ |

ပုနပ္ပုနပ္ပိ သောဓိတေ၊ အတိရိစ္ဆကိယံ ဌာနံ။
တံ ပဒေသံ နုမာနိယ၊ သာဓု ပဿန္တု သဇ္ဇနာ။ ။